ကတညုတာ ဧတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇူလိုင် ၁၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၈၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၃ သန်းခန့်ရှိပြီး အမျိုးသား ၂၆ သန်းနှင့်အမျိုးသမီး ၂၇ သန်းခန့်ရှိ

ပျမ်းမျှတစ်စတုရန်းမိုင်တွင် ၂၀၄ ယောက်သာရှိသည့်အတွက် လူဦးရေသိပ်သည်းမှုအချိုးအစားကောင်းမွန်

စားနပ်ရိက္ခာဖူလုံမှုရှိရုံသာမက ဒေသနှင့်နိုင်ငံတကာ၏စားနပ်ရိက္ခာလိုအပ်ချက်များကိုပါဖြည့်ဆည်းပေးနေ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ (2004-World Population Day)အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းအစီအစဉ်အရ ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ ကျင်းပမှုများကို များစွာအလေးထားသည့်အတွက် ယနေ့အခမ်းအနားမျိုးကို မြန်မာနိုင်ငံမှာ (၁၅)ကြိမ်တိုင်တိုင် ဆက်လက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်မှာ **'ပညာကျန်းမာ ခွင့်လမ်းသာ၊ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့် ညွှန်းဆိုပြ'** ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်ကို အဓိပ္ပာယ်ဖွင့်ဆိုပေးလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံ (International Conference on Population and Development-ICPD) ကျင်းပခဲ့သည့် ၁၉၉၄ခုနှစ်မှာ မွေးဖွားခဲ့သော သမီးမိန်းကလေးတစ်ယောက်သည် အခုဆိုလျှင် (၁၀)နှစ်ပြည့်တော့မှာဖြစ်ကြောင်း၊ ယင်းသမီးလေးမှာ သူနေထိုင်သည့် နိုင်ငံအလိုက် ပညာရေး၊ ကျန်းမာရေးစသော အခွင့်အရေးများ ရရှိခံစားရမှာဖြစ်ကြောင်း။ ***စာမျက်နှာ ၃ ကော်လံ ၁*** ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ (2004-World Population Day)အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသော ပြခန်းများအတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ဆုပေးအပ်ချီးမြှင့်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ (2004-World Population Day) အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သိကောင်းစရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၌ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်အေးဝင်း တက်ရောက်၍ ရှင်းလင်းဟောပြောသည်။ ***စာမျက်နှာ ၉ ကော်လံ ၆*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေး ပဲ့ကုန်အမယ်(အမည်)သစ်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အပိုင်းက ပြည်နယ်နှင့်တိုင်းအားလုံး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးစွမ်းအားစုများ၊ နည်းပညာများ၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်း၊စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးခြင်းတို့ကို အားကြိုးမာန်တက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ဇူလိုင်လ၅ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံပြီး ကချင်ပြည်နယ် ဒေသဝမ်းစာဖူလုံနိုင်ရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက–

> **"နိုင်ငံတော်အကြီးအကဲက စိုက်ကေတိုးချဲ့ရေး၊ အထွက်နှုန်း တိုးတက်မြင့်မားရေး၊ သီးထပ်စွမ်းအား မြင့်မားရေးနှင့် အလေအလွင့် နည်းပါးရေးတို့ကို စနစ်တကျဆောင်ရွက်ရန် လမ်းညွှန်ထားသည်ကို မျက်ခြည်ပြတ်မခံဘဲ အဆင့်ဆင့် ကွပ်ကဲကြပ်မတ်ဆောင်ရွက်ပါက သီးနှံအထွက်နှုန်း သိသာစွာ ထွက်ရှိပိုလျှံလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရန် ပြည်ပပို့ကုန် ပိုမိုတင်ပို့နိုင်ရန်လိုကြောင်း၊ ဆန်နှင့် ပဲမျိုးစုံသာမက အခြားသီးနှံများ၊ ပို့ကုန်အမယ်သစ် (အမည်သစ်) များကို ကချင်ပြည်နယ်ကဲ့သို့ သဘာဝရေခံမြေခံကောင်းသော ပြည်နယ်တွင် တိုးချဲ့ စိုက်ပျိုးထုတ်လုပ်သွားရန်လိုကြောင်း"**

ဆွေးနွေးမှာကြားခဲ့သည်။

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုအားလုံးက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်ဟုခံယူကာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် နိုင်ငံတော်အပိုင်းက နည်းပညာနှင့် စိုက်ပျိုးရေရရှိရေးတို့ကို နည်းလမ်းအသွယ်သွယ်ဖြင့် ပံ့ပိုးနေသကဲ့သို့ ဒေသဆိုင်ရာအာဏာပိုင်များကလည်း အထွက်တိုးသီးနှံမျိုးများ၊ စိုက်ပျိုးရေးသွင်းအားစုများကို အဘက်ဘက်က ဖြည့်ဆည်းပေးနေသည်။ သက်ဆိုင်ရာ ဝန်ထမ်းများက ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာရေးတွင် စဉ်ဆက်မပြတ် စည်းရုံးလုပ်ဆောင်သွားကြရန် လိုပေသည်။

လုပ်ငန်းအားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုလုပ်ငန်း တိုးတက်မြင့်မားရေး စသည့်လုပ်ငန်းအားလုံး ကိုယ့်ဌာန သူ့ဌာန မခွဲခြားဘဲ သက်ဆိုင်ရာဌာနများက ဆက်စပ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါ၌ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်သည် မည်သည့် ခေတ်ကာလနှင့်မျှမတူ တည်ငြိမ် အေးချမ်းလျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရန် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက် ရှိနေချိန်ဖြစ်သည်။

ယင်းအချိန်အခါတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး၊ အမျိုးသားညီလာခံ အောင်မြင်ရေးတို့အတွက် မိမိတို့ကျရာကဏ္ဍက ပူးပေါင်းပါဝင်ကြပြီး နိုင်ငံတော်က ချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ်ကို အခြေခံကာ မိမိတို့၏ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝ ရေခံမြေခံကောင်းသော ကချင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ဆန်စပါးအပါအဝင် ပို့ကုန်အမယ်သစ်(အမည်သစ်)များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးအားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေမင်းဝံ မဟာသတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက် ဝါတွင်း(ဥပုသ်နေ့တိုင်း)တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

မြောက်ဥက္ကလာပမြို့နယ်(ရှ) ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ ရွှေမင်းဝံမဟာသတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်၌ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာလင်္ကာရ ဆရာတော်က (ဥပုသ်နေ့)တိုင်း နံနက်၉နာရီမှ စ၍ မဂ္ဂင်ရှစ်ပါးကာယနုပဿနာ သတိပဋ္ဌာန် အလုပ်ပေးတရားတော် များကို ဟောကြားပြီး မွန်းတည့် ၁၂နာရီမှစ၍ မွန်းလွဲ ၁နာရီခွဲအထိ အနန္တဂုဏ်ရောင် ဦးဘမြင့်က ပဋိစ္စ သမုပ္ပါဒ် သစ္စာလေးပါး တရားများ ဟောကြားပြသမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)ရှိသင်ကြားစီမံနှင့်စာသင်သား သံဃာတော်များအား မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း) ၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင်ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အမျိုးသမီးရေးရာအဖွဲ့တို့မှ စာရေးကိရိယာပစ္စည်းများလှူဒါန်းပွဲကို ဇူလိုင် ၉ရက်က သဃၤန်းကျွန်းမြို့နယ် ခန်းမဆောင်တွင်ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က သက်ဆိုင်ရာကျောင်းများအတွက် စာရေးကိရိယာ ပစ္စည်းများ လှူဒါန်းစဉ်။ (၄၀၀)

ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ၏ စီစဉ်ပေးမှုဖြင့် ဇူလိုင်၆ ရက်က ဒဂုံမြို့နယ် ယောမင်းကြီး ရပ်ကွက်အေးချမ်းသာယာရေး နှင့် ဖွံ့ ဖြိုး ရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးစိန်တိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အုပ်ချုပ်ရေးမှူး ဗိုလ်ကြီးညိုသင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မျိုးမြင့်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၃-၇-၂၀၀၄ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၆။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် -Klinds (ပထမနှစ်၊ ပထဝီဝင်အထူးပြု)
- ၅:၃၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၄။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၅။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"**(အပိုင်း-၆)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ လျှပ်တစ်ပြက်
- ၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၁။ အရှင်ဇနကာဘိဝံသ၏ထေရုပ္ပတ္တိ **"စည်းကမ်းလည်းကျ စာလည်းတတ်စေ"**
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားတဲ့သမား"** (အပိုင်း-၁၉)

ပညာကျန်းမာခွင့်လမ်းသာ၊ ပြည့်စုံလှပ မိန်းကလေးဘဝ၊ စာရင်းအင်းနှင့်ညွှန်းဆိုပြ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရသူများအားဆုများချီးမြှင့်

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ပညာသင်ကြားခွင့်မရ

ICPD ရှေ့လုပ်ငန်းစဉ်များမှာ ပါဝင်သော အနှစ် ၂၀ ရည်မှန်းချက်ပန်းတိုင်၏ပထမဆုံးအချက်မှာလူတိုင်းစာတတ်မြောက်ရေးပင် ဖြစ်ကြောင်း၊ အထူးသဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ အလယ်တန်း၊ အထက်တန်းနှင့် အသက်မွေးဝမ်းကျောင်းနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် အစောဆုံးသင်ယူနိုင်ရေးပင်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင် မူလတန်းပညာကို မိန်းကလေး၊ ယောကျ်ားလေးများ တန်းတူသင်ကြားခွင့်ရရှိရေးအတွက် ကြိုးပမ်းခဲ့ကြသော်လည်း ယနေ့မိန်းကလေး ၆၅သန်းသည် ပညာသင်ကြားခွင့် မရကြသေးကြောင်း။

ဖွံ့ဖြိုးပြီးနိုင်ငံများမှာရော ဖွံ့ဖြိုးဆဲနိုင်ငံများမှာပါ AIDS ရောဂါကူးစက်ပြန့်ပွားခြင်းသည် အဓိကကျသည့် ပြဿနာတစ်ရပ်ဖြစ်သည်ဟု ICPDက ဖော်ပြခဲ့ကြောင်း၊ AIDS ရောဂါကူးစက်မှု တားဆီးကာကွယ်ရေးနှင့် ယင်းရောဂါ၏ ဆိုးကျိုးများ လျော့နည်းသွားစေရေး၊ HIV/AIDS ရောဂါတားဆီးနိုင်သည့် နည်းလမ်းများကို အပူတပြင်းရှာဖွေရေးနှင့် ထိရောက်သည့် ရောဂါကုသမှုများ ရှာဖွေရေးတို့မှာ ICPDက ချမှတ်ခဲ့သော အဓိကရည်မှန်းချက်များဖြစ်ကြောင်း၊ သို့သော်ယခုအခါနေ့စဉ် ယောကျ်ား၊ မိန်းမ ၆၀၀၀ခန့် HIV ရောဂါ ကူးစက်ခံနေရသည်ကို တွေ့ရှိနေရဆဲဖြစ်ကြောင်း။

စားနပ်ရိက္ခာဖူလုံ

မြန်မာနိုင်ငံ၏ အနေအထားနှင့် ပတ်သက်ပြီး အကျဉ်းချုံးအသိပေး ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေမှာ ၅၃သန်းခန့်ရှိပြီး အမျိုးသား ၂၆သန်းနှင့် အမျိုးသမီး ၂၇သန်းခန့် ရှိကြောင်း၊ လူဦးရေသိပ်သည်းမှုကို ကြည့်မည်ဆိုလျှင်လည်း ပျမ်းမျှတစ်စတုရန်းမိုင်မှာ ၂၀၄ ယောက်သာရှိသည့်အတွက် လူဦးရေသိပ်သည်းမှုအချိုးအစားမှာ ကောင်းမွန်သည်ဟု ဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ စိုက်ပျိုးနိုင်သည့် မြေဧရိယာအများကြီး ရှိနေသေးသည့်အတွက် မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် တိုးတက်ရေးအတွက် အလားအလာကောင်းများစွာရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာဖူလုံမှုရှိရုံသာမက ဒေသနှင့် နိုင်ငံတကာ၏ စားနပ်ရိက္ခာလိုအပ်ချက်များကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှု သိသိသာသာရှိနေပြီး ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပန်းချီပြိုင်ပွဲအဆင့်(၃)တွင် ဒုတိယဆုရ အထက(၄)အလုံမှ နဝမတန်းကျောင်းသား မောင်ဇင်ကိုကိုအား ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော်နေထိုင်သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများမှာ ထည့်သွင်းရေးဆွဲထားကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံအတွင်းဒေသအသီးသီးမှာ ဖွံ့ဖြိုးမှုကွာဟချက် နည်းလာသလို မြို့နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးမှုတို့မှာလည်း ကွာဟမှု နည်းလာပြီဖြစ်ကြောင်း။

တန်းတူအခွင့်အရေးရှိ

စီးပွားရေးကဏ္ဍတွင်သာမက ပညာရေးကဏ္ဍ၌လည်း ကောင်းမွန်သည့်အခြေခံများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်မှာ ၁၅ နှစ်အထက် လူကြီးများ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ဒသမ၂ရာခိုင်နှုန်းရှိကြောင်း၊ ထို့ပြင် နိုင်ငံတော်အစိုးရအနေနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များ ကျောင်းများမှာ ရှိနေစေရန် ပြည်သူတစ်ရပ်လုံး ပါဝင်သည့် လှုပ်ရှားမှုများ လုပ်ဆောင်ပေးသည့်အတွက် ကျောင်းနေစအရွယ် ကျောင်းအပ်နှုန်းသည် ၉၅ရာခိုင်နှုန်းရှိကြောင်း၊ အဆင့်မြင့်ပညာရေးမှာ ၁၉၈၈ခုနှစ်မှာ တက္ကသိုလ်နှင့် ကောလိပ် ၃၂ခုသာရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်ငံလုံးမှာ တက္ကသိုလ်နှင့် ကောလိပ် ၁၅၆ ခုအထိ တိုးတက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေနှင့် ပညာရေးအခွင့်အလမ်းနှင့် ပတ်သက်ပြီး အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိကြောင်း။

ကျန်းမာရေးကဏ္ဍမှာလည်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကို နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်စကတည်းက အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေး စီမံကိန်းမှာလည်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးသည် အရေးပါသောကဏ္ဍကပါဝင်ကြောင်း၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုမှာအရေးကြီးသည့် ပြောင်းလဲမှုတစ်ခုမှာ ၂၀၀၁ခုနှစ်မှာ အမျိုးသားမျိုးဆက်ပွား ကျန်းမာရေးမူဝါဒကို ရေးဆွဲချမှတ်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေးမူဝါဒသည် မျိုးဆက်ပွားကျန်းမာရေး တိုးတက်ကောင်းမွန်အောင် အထူးဂရုစိုက် အားဖြည့်ဆောင်ရွက်နိုင်မည့် မဟာဗျူဟာများကို ဦးစားပေးထားကြောင်း။

အောင်မြင်မှုများရရှိ

ICPD ရှေ့လုပ်ငန်းစဉ်၏ ရည်မှန်းချက်ပန်းတိုင်များနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ တစ်နှစ်အောက်ကလေးသေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်း၊ ကိုယ်ဝန်ဆောင်မိခင် သေနှုန်းကျဆင်းရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြင့်မားရေးနှင့် အလွယ်တကူ ရရှိနိုင်ရေးအတွက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက်လည်း ယင်းကဏ္ဍများမှာ သိသိသာသာကြီး အောင်မြင်မှုများ ရရှိခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းလုပ်ဆောင်မှုများအပြင် နိုင်ငံတစ်ဝန်းလုံးမှာ အသင်းဝင်များရှိသည့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(MMCWA)သည် အရည်အသွေးမီ မျိုးဆက်ပွားကျန်းမာရေး အကြံပေးမှုများနှင့် ဝန်ဆောင်မှုများ ပေးလျက်ရှိပါကြောင်း၊ ထို့ပြင်မျိုးဆက်ပွားကျန်းမာရေး၊ AIDSကဲ့သို့ ကူးစက်ပြန့်ပွားနိုင်သည့် ရောဂါများနှင့် ပတ်သက်ပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိကြောင်း။

HIV/AIDSသည် ယနေ့ကမ္ဘာမှာရှိသည့် နိုင်ငံအားလုံး ကြုံတွေ့ရင်ဆိုင်နေရသော အဓိကကျန်းမာရေး ပြဿနာကြီး တစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ AIDSရောဂါပြန့်ပွားမှုမှာ မကြီးမားလှသော်လည်း မြန်မာနိုင်ငံ၏ အမျိုးသားကျန်းမာရေး စီမံကိန်းမှာ AIDSကို ဦးစားပေး ရောဂါတစ်ခုအနေနှင့် ထည့်သွင်းထားကြောင်း၊ အမျိုးသား AIDSရောဂါ တိုက်ဖျက်ရေးကော်မတီမှလည်း HIV/AIDSတားဆီးကာကွယ်ရေး အတွက် အမျိုးသားနည်းဗျူဟာ စီမံကိန်းရေးဆွဲရာမှာ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပြီး ဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ ပါဝင်ကြောင်း။

မြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေးနှင့် လူမှုရေးနယ်ပယ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးကို တရားဝင်ရရှိထားကြကြောင်း။

အမျိုးသမီးရေးရာကော်မတီ

ICPDကဲ့သို့ နိုင်ငံတကာအမျိုးသမီးညီလာခံကြီးကို အပြည်ပြည်ဆိုင်ရာညီလာခံများနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ အမျိုးသမီးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စုစည်းခိုင်မာသည့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အနေနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျလှုပ်ရှားဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ယန္တရားတစ်ခုအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားလုပ်ငန်း အစီအမံများကိုလည်း ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းနိုင်ခဲ့သည်မှာ မြန်မာနိုင်ငံအမျိုးသမီးများအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍဆိုင်ရာ ကိစ္စများကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ မြန်မာအမျိုးသမီးများအားလုံး ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်နိုင်ရေး၊ အမျိုးသမီးများကဏ္ဍတစ်ရပ်လုံးအတွက် တာဝန်ခံဆောင်ရွက်သွားမည့် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးတို့ကို ဦးတည်ပြီး ဖွဲ့စည်းခဲ့ကြောင်း။

သန္ဓေဌာန်ချထား

မြန်မာနိုင်ငံသည် ICPDလုပ်ငန်းစဉ်များနှင့် ICPDကချမှတ်လိုက်သည့် မူဝါဒများကို လိုက်နာကျင့်သုံးနေကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့

စာမျက်နှာ ၅ ကော်လံ ၁

၂၀၀၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အီရတ်အနောက်ပိုင်း၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၁

အီရတ်နိုင်ငံအနောက်ပိုင်းတွင် လုံခြုံရေးနှင့်တည်ငြိမ်ရေး ဆောင်ရွက်နေစဉ် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္ဂနွေနေ့၌ ပြောကြားသည်။

အဆိုပါ အမှတ်(၁)မရိန်းတပ်ဖွဲ့ဝင်လေးဦးသည် အန်ဘာ ပြည်နယ်၌ စနေနေ့က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။

ယင်းအန်ဘာပြည်နယ်မှာ ဖော်လူဂျာနှင့် ရာမာဒီမြို့များပါဝင်ပြီး မရိန်းတပ်ဖွဲ့ဝင်များသည် လုံခြုံရေးနှင့် တည်ငြိမ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သောကြေညာချက်၌ အဆိုပါ မရိန်းတပ်ဖွဲ့ဝင်များ မည်သို့သေဆုံးသည်ကို မပြောထား သော်လည်း မရိန်းတပ်ဖွဲ့ဝင်များ လုပ်ငန်းဆောင်ရွက်ရာ ဒေသ အတွင်း၌ ခုခံတိုက်ခိုက်ရေးသမားများက မကြာခဏ တိုက်ခိုက်လေ့ ရှိကြောင်း ပြောဆိုထားသည်။

(အင်တာနက်)

ဘာကူဘာမြို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွား ဗုံးပေါက်ကွဲချိန်ဖြတ်မောင်းသည့် အငှားကားယာဉ်မောင်းတစ်ဦး သေဆုံး

ဘာကူဘာ ဇူလိုင် ၁၁

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အရှေ့မြောက်ဘက်ရှိ ဘာကူဘာမြို့တွင် အရက်ရောင်းသော ဆိုင်ငါးဆိုင်အား မျက်နှာဖုံးစွပ် တိုက်ခိုက်ရေးသမားများက စနေနေ့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အီရတ်အငှားကားမောင်းနှင်သည့် ယာဉ်မောင်းတစ်ဦးသေဆုံး သွားကြောင်း၊ ထိုသူမှာ ၎င်း၏ မော်တော်ယာဉ်ကို ဖြတ်မောင်းစဉ် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဘာကူဘာမြို့တွင် ဗုံးခွဲမှုမတိုင်မီ အဓိကလမ်းမကြီးကို လူလေးဦး က ဘီအမ်ဒဗလျူကားနှစ်စီးဖြင့် ပိတ်ရပ်ကာ အဆိုပါဆိုင်များအား ဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြော ကြားသည်။

အမြဲပြုလုပ်

ဗုံးပေါက်ကွဲချိန်တွင် ဆိုင်ပိုင်ရှင်များမှာ ၎င်းတို့၏ဆိုင်များတွင် မရှိကြောင်း သိရသည်။

အီရတ်နိုင်ငံတွင် အရက်အရောင်းအဝယ် ပြုလုပ်သည့်သူများကို အရက်ရောင်းချမှုအား အပြင်းအထန်ဆန့်ကျင်သည့် အီရတ်တို့က သတ်ဖြတ်မှုများ၊ ခြိမ်းခြောက်မှုများ အမြဲတန်းပြုလုပ်လျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဗီယက်နမ်၌ ယခင်နှစ်က မိခင်များသေဆုံးမှုနှုန်းကျဆင်း

ဟန္နိုင်း ဇူလိုင် ၉

ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့ သည့် ၁၀နှစ်အတွင်း မိခင်အသေ အပျောက်နှုန်းသည် ၀ ဒသမ ၀၁ရာခိုင်နှုန်း ရှိနေဆဲဖြစ်ကြောင်း လူဦးရေ၊ မိသားစုနှင့်ကလေး များဆိုင်ရာ အမျိုးသားကော်မတီ က ကြာသပတေးနေ့တွင် ကြေ ညာသည်။

တစ်နည်းအားဖြင့် ဗီယက်နမ် ၌ ယင်းကာလအတွင်း သေဆုံး ခဲ့သည့် ကိုယ်ဝန်ဆောင်မိခင် ၂၇၀၀ ရှိသည်ကိုတွေ့ရသည်။ မည် သို့ပင်ဖြစ်စေ အသေအပျောက် နှုန်းသည် ၂၀၀၃ ခုနှစ်တွင် ၀ ဒသမ ၀၀၇ အထိ ကျဆင်းခဲ့ သည်။ သေဆုံးမှုအများစုမှာ ဓမ္မတာမမှန်ခြင်း၊ ကူးစက်ရောဂါ ဖြစ်ခြင်းနှင့် မေးခိုင်ရောဂါတို့ ကြောင့် ဖြစ်သည်။

အသေအပျောက်နှုန်း မြင့် မားမှု၏ အဓိကအကြောင်းရင်း မှာ မီးမဖွားမီ စမ်းသပ်စစ်ဆေးမှု မရှိခြင်း၊ နေထိုင်မှု အခြေအနေ သန့်ရှင်းမှုမရှိခြင်းနှင့် ကိုယ်ဝန် ဆောင်မိခင်များအတွင်း မီးဖွားမှု ဆိုင်ရာ ကျန်းမာရေး ဗဟုသုတ မရှိခြင်းတို့ကြောင့် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အရေးတွင်ကန်ကွန်ဂရက်ဝင်ပြောရန်အခွင့်အာဏာမရှိခဲ့ သမ္မတဘုရှ် သူ့သဘောသူဆောင်ပြီး စစ်ပွဲဆင်နွှဲခဲ့ခြင်းသာဖြစ်

ဝါရှင်တန် ဇူလိုင် ၁၀

အီရတ်စစ်ပွဲမတိုင်ခင်က ရရှိထားသော အီရတ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးအရေးအဂျင်စီက ဝန်ခံလိုက် ပြီဖြစ်သည်။ ထိုဒီစီအိုင်အေအဖွဲ့၏ ထောက်လှမ်းရေးသတင်းများ ဆိုးရွားစွာ မှားယွင်းမှုများနှင့်ပတ်သတ်ပြီး အမေ ရိကန် ဗဟိုစုံစမ်းထောက်လှမ်းရေးသတင်းကို ပြင်းပြင်းထန်ထန် ဝေဖန်ထားသော အစီရင်ခံစာတစ်ရပ်ကို အမေရိကန် အထက်လွှတ်တော်ကော်မတီက ထုတ်ပြန်လိုက်သည်။

စာမျက်နှာ ၅၁၁မျက်နှာပါဝင် သော အထက်လွှတ်တော် အစီရင်ခံစာ တွင် လူ့အဖွဲ့အစည်းကို ဦးစီးဦးဆောင် ပြုနေသည့် အမေရိကန်ထောက်လှမ်း ရေးအဖွဲ့သည် အီရတ်တွင်ရှိသည်ဆို သော အဖျက်စွမ်းအားကြီးမားသော လက်နက်အစီအစဉ်ကို ရည်ညွှန်းသည့် သတင်းကို အဓိပ္ပာယ်နှစ်ခွထွက်သည့် မရှင်းလင်း မတိကျသော သက်သေ များနှင့် ပြန်ဆိုခဲ့ကြောင်း ယင်းအစီရင် ခံစာတွင် ဝေဖန်ထားသည်။

ဆင်နွှဲခဲ့

ထို့အပြင် အမေရိကန်ကွန်ဂရက် ကလည်း၎င်းတို့သည် အီရတ်အရေးနှင့် ပတ်သက်ပြီး ဝင်ရောက်ပြောဆိုရန် အခွင့်အာဏာမရှိခဲ့ကြောင်း၊ သမ္မတဘုရှ် သည် သူ့သဘောသူဆောင်ကာ စစ်ပွဲ ဆင်နွှဲခဲ့ကြောင်း အမေရိကန်ကွန်ဂရက် အဖွဲ့အကြီးအကဲ ဂျွန်ရော့စ် ဖဲလားက ပြောကြားသည်။ **(စီအင်န်အင်န်)**

ဘဂ္ဂဒက်မြို့တောင်ဘက် လူတီဖီယာမြို့တွင် အဆောက်အအုံတစ်ခုအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေး နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင်၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံယဉ်ကျေးမှု ရက်သတ္တပတ်ပြပွဲ ဗီယက်နမ်တွင် ဩဂုတ်လ၌ ကျင်းပမည်

ဟန္နိုင်း ဇူလိုင် ၉

ဒုတိယအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်ပြပွဲကို အရှေ့ တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အဖွဲ့ဝင် ၁၀နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်အတွက် ဗီယက်နမ် နိုင်ငံတွင် ဩဂုတ် ၆ရက်မှ ၁၃ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ရည်ရွယ်

ဒုတိယအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုရက်သတ္တပတ်ပြပွဲကို အာဆီယံ အနုပညာပြပွဲဟု ခေါင်းစဉ်ပေးထားပြီး ရိုးရာနှင့်ခေတ်မီခြင်းသည် ဒေသတွင်း ပေါင်းစည်းရန် ရည်ရွယ်ကြောင်း ဟန္နိုင်းမြို့တွင် ကြာသပတေးနေ့က ကျင်းပ သည့် နိုင်ငံတကာသတင်းစာရှင်းလင်းပွဲ၌ ဗီယက်နမ်ယဉ်ကျေးမှုနှင့် ပြန်ကြား ရေး ဒုတိယဝန်ကြီး ထရန်ချိန်သောင်က ပြောသည်။

အဆိုပါရက်သတ္တပတ်ပြပွဲတွင် အနုပညာပြပွဲများ၊ ပန်းချီပြပွဲများနှင့် အမျိုးသားဆိုင်ရာ ရှေးခေတ်ဝတ်စုံများကို အဓိကထားပြသမည်ဖြစ်ပြီး အနုပညာ မြင့်ကွင်းစခန်းအဖွဲ့အစည်းနှင့် အာဆီယံ၁၀နိုင်ငံမှ အနုပညာရှင် ၁၅၀ ပူးပေါင်း ပါဝင်မည့် အစားအစာပွဲတော်လည်း ပြသမည်ဖြစ်သည်။

ပထမဆုံး အာဆီယံယဉ်ကျေးမှု ရက်သတ္တပတ်ပြပွဲကို ကမ္ဘောဒီးယား နိုင်ငံတွင် ၂၀၀၂ခုနှစ်က ကျင်းပခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြန်လည်ပြင်ဆင်

ဘာဆာရာမြို့အနီး ပျက်စီးနေသော ရေနံပိုက်လိုင်းများကို ပြန်လည်ပြင်ဆင် နေသော အီရတ်အလုပ်သမားများကို ဇူလိုင် ၁၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရေနံလုပ်ငန်း တည်ငြိမ်ရေး လုံခြုံရေးအပေါ် မူတည်

ဘဂ္ဂဒက် ဇူလိုင် ၁၁

အီရတ်နိုင်ငံ၌ လက်နက်ကိုင်များက အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား တိုက်ခိုက်မှုပြုရုံသာမက အီရတ်၏ အရေးကြီး ပို့ကုန်ဖြစ်သော ရေနံလုပ်ငန်းကိုပါ ဦးတည် တိုက်ခိုက်လျက်ရှိသည်။ အီရတ်ရေနံ ဝန်ကြီး သာမီယာဂါဘန်းက ပြောကြားသည်။

မူတည်

နိုင်ငံတောင်ပိုင်းရှိ ရေနံလုပ်ငန်းက တစ်နေ့ လျှင် ရေနံစည် နှစ်သန်းထုတ်လုပ်လျက်ရှိပြီး ဘာဆာရာနှင့် အယ်အာမီ ဆိပ်ကမ်းများမှ တစ်ဆင့် ရေနံစည် ၁ ဒသမ ၇သန်း တင်ပို့ နိုင်ကြောင်း၊ သို့ရာတွင် မြောက်ပိုင်း၌ ရေနံ ပိုက်လိုင်းများကို အဆက်မပြတ် တိုက်ခိုက်ခံ နေရမှုကြောင့် တစ်နေ့လျှင် ရေနံစည် ခုနစ်သိန်း ကျော်ခန့်သာ ထုတ်လုပ်နိုင်ကြောင်း ဖြေကြား ခဲ့သည်။ အီရတ်ရေနံလုပ်ငန်း တည်ငြိမ်ရေး သည် နိုင်ငံလုံခြုံရေးအပေါ် မူတည်နေသည့် အတွက် ယခုလိုရေနံလုပ်ငန်းတွင် အခက်အခဲ ရှိကြောင်း လာမည့်လများအတွင်း နိုင်ငံတစ်ဝန်း လုံခြုံရေးအခြေအနေ ကောင်းမွန်လာနိုင်ကြောင်း ပြောကြားသည်။ **(စီအင်န်အင်န်)**

စာမျက်နှာ ၃ မှ

နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စသည့် အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေပြီး လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Najib M. Assifi က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲ အဆင့်(၄)တွင် ဒုတိယဆုရရှိသည့် မောင်ဇာနည်ထွန်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အားလည်းကောင်း၊ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ အဆင့်(၅)(အလွတ်တန်း)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ)၊ ဒုတိယဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်မှ ဒီဖိုင်းကိုသက်နှင့် တတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ ဦးစိုးလေးတို့အား လည်းကောင်း ဆုများချီးမြှင့်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ပထမပိုင်းအခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် သံတမန်များ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန ဧည့်ကြိုဆောင်၌ ခင်းကျင်းပြသထားသည့်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အကြိုဆောင်ရွက်ချက်များ၊ ပိုစတာနှင့် စာစီစာကုံးဆုရ ဒီဇိုင်းနှင့်စာမူများ၊ လူမှုရေးအသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံနှင့် စာအုပ်စာတမ်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပန်းချီပြိုင်ပွဲ အဆင့်(၄)တွင် ပထမဆုရ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မနှင်းလဲ့ဖြူ၊ ဒုတိယဆုရ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်ပိုင်းချစ်ဇံနှင့် တတိယဆုရ ရန်ကုန်တိုင်း တာမွေမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်ရဲကိုကိုအောင်တို့အားလည်းကောင်း၊ ပိုစတာပန်းချီပြိုင်ပွဲ အဆင့်(၃)တွင် ပထမဆုရရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း နဝမတန်းမှ မခင်ချမ်းမြေ့သူ၊ ဒုတိယဆုရ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မောင်ဇင်ကိုကိုနှင့် တတိယဆုရ ရန်ကုန်တိုင်းပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်အောင်နိုင်ဦးတို့အား လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်က ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာပန်းချီပြိုင်ပွဲအဆင့်(၂)တွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား ကျောင်းသူများဖြစ်ကြသည့် ပထမဆုရ မခိုင်မြတ်မျိုးထွန်းလင်း၊ ဒုတိယဆုရ မောင်ဟိန်းထက်အောင်နှင့် တတိယဆုရ မောင်ကောင်းထက်တို့အားလည်းကောင်း၊ ပိုစတာပန်းချီပြိုင်ပွဲ အဆင့်(၁)တွင် ပထမဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ရွှေကုန်းအခြေခံပညာမူလတန်းကျောင်း တတိယတန်းမှ မနှင်းနွယ်နွယ်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မြို့မအခြေခံပညာ အလယ်တန်းကျောင်း တတိယတန်းမှ မမေထူးမြတ်မွန်နှင့် တတိယဆုရ ပဲခူးတိုင်း ရွှေတောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း စတုတ္ထတန်းမှ မောင်ကုဋေပိုင်စိုးတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Mr. Najib M.Assifi က ၂၀၀၄ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း နဝမတန်းမှ မထူးထူးထက်၊ ဒုတိယဆုရ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအဋ္ဌမတန်းမှ မခင်မြတ်နိုးဟန်နှင့် တတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း တတိယတန်းမှ မောင်အောင်မြင့် တို့အားလည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရ တနင်္သာရီတိုင်း ထားဝယ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မအိဇာခြည်သက်၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း သတ္တမတန်းမှ မရွှေရွှေအိနှင့် တတိယဆုရ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မအိအိထွန်းတို့အားလည်းကောင်း ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိုင်းပြည်နှင့်လူမျိုးဘက်ကအမြဲရပ်တည်၍ အရည်အသွေးမြင့်မားသော သတင်းစာများထုတ်လုပ် သတင်းစာပညာသင်တန်းဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကကြီးမှူးဖွင့်လှစ်သော သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အကြံပေးပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ အကြံပေးအရာရှိများ၊ စာတည်းမှူးများ၊ မန်နေဂျာများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ ဥက္ကဋ္ဌ၊ ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာပညာ သင်တန်းကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း)ဦးဝင်းတင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

အရည်အသွေးမြင့်မား

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သတင်းစာပညာသင်တန်းသည် ဌာနအတွက်လည်းကောင်း၊ သတင်းစာလောကအတွက်လည်းကောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် လည်းကောင်း အရေးကြီးသည့် သင်တန်းဖြစ်ကြောင်း၊ သို့ပါ၍ သင်တန်း၏ ရည်ရွယ်ချက်သုံးရပ် ချမှတ်ထားကြောင်း၊ ၎င်းတို့မှာ သင်တန်းသားများအနေဖြင့် သတင်းစာပညာနှင့်သတင်းစာလုပ်ငန်းကို အခြေခံအားဖြင့်တတ်မြောက်စေရန်၊ သင်တန်းသားများ၏ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးပိုမိုမြင့်မားစေရန်နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေးပိုမိုမြင့်မားစေရန်၊ တိုင်းပြည်နှင့် လူမျိုးအကျိုးဘက်က အမြဲတမ်းရပ်တည်ပြီး အရည်အသွေးမြင့်မားသော သတင်းစာများကို အမြဲထုတ်လုပ်သွားနိုင်ရန်တို့ဖြစ်ကြောင်း။

စာတွေ့၊ လက်တွေ့သင်ကြား

ထိုရည်ရွယ်ချက်များ အောင်မြင်အောင် ဒုတိယဝန်ကြီးများနှင့်တကွ ဝါရင့် သတင်းစာဆရာကြီးများ၊ စာပေ၊ ဂျာနယ်ပညာရှင်များက သတင်းစာပညာများ ပို့ချသွားရန် စီစဉ်ထားကြောင်း၊ ဘာသာရပ်များကိုလည်း သတင်းစာပညာနှင့် ပတ်သက်သော အခြေခံဘာသာရပ်များအပြင် ယနေ့ သတင်းစာလုပ်ငန်းတွင်တွဲဖက်အသုံးပြုနေသည့် ကွန်ပျူတာ Information and Communication Technology စသည့် ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပေးရန် စီစဉ်ထားကြောင်း။

သို့ပါ၍ သင်တန်းသားများအနေဖြင့် ကြိုးစား၍ လေ့လာသင်ယူကြရန် လိုအပ်ကြောင်း၊ အထက်ပါရည်ရွယ်ချက်များကို သင်တန်းကာလတွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရုံသာမက မိမိတို့လုပ်ငန်းခွင်နယ်ပယ် ရောက်သည့်အခါတွင်လည်း ဆက်လက်၍ လိုက်နာကျင့်သုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်းသားများသည် သင်တန်းကာလနှင့် လက်တွေ့နယ်ပယ်များ၌ တာဝန်ထမ်းဆောင်ကြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သော မြန်မာနိုင်ငံအတွင်း နယ်စပ်ဒေသများပါမကျန် ပြန်ကြားရေးလုပ်ငန်းများ ပျံ့နှံ့ရောက်ရှိရေး၊ မြန်မာနိုင်ငံ၏ သတင်းအချက်အလက်အမှန်များ ကမ္ဘာသို့ပါပျံ့နှံ့ရောက်ရှိရေး၊ မိမိတို့၏ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများသည် အမြဲတမ်းသွက်လက်ထက်မြက်ပြီး အရည်အသွေးမြင့်မားစေရေး၊ ပြန်ကြားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမြဲတမ်းတစ်သမတ်တည်း မဆောင်ရွက်ဘဲ အမြဲရှင်သန်ဆန်းသစ်အောင် ဆောင်ရွက်ရေး၊

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း သတင်းစာပညာ သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး (သတင်း) ဦး ဝင်း တင် က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မူဝါဒကိုထိန်းပြီး အကြံကောင်းဉာဏ်ကောင်းများထုတ်၍ လွတ်လွတ်လပ်လပ်ဆောင်ရွက်ရေးစသည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၄၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ လေးလဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဇူလိုင် ၁၂

ယနေ့မြန်မာစံတော်ချိန် ၅နာရီ၄၂မိနစ် ၁၆စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် ၁၁၇၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

အဆိုပြုလွှာပေးအပ်

ဇူလိုင် ၁၀ရက်က ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည် အစည်းအဝေးကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုရီထံ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်စဉ်။ (က-ပ)

အထူးအထွက်တိုး ဆင်းရှေလီစပ်မျိုးစပါးသည် တစ်ဧကလျှင် ၁၇၉ တင်းအထိ အထွက်နှုန်းရရှိ

■ ကျောဖုံးမှ

စပ်မျိုးစပါး သုတေသနစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စစ်ဦးစီးမှူး (ပထမတန်း) ဒုတိယဗိုလ်မှူးကြီးမျိုးချစ်နှင့် တာဝန်ရှိသူတို့က သုတေသနစိုက်ခင်း စိုက်ပျိုးခြင်းလုပ်ငန်းများနှင့် အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ရှင်းလင်းပြသကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တက်ရောက်အားပေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက်ဧရိယာရှိ မျိုးစေ့ထုတ်စိုက်ကွင်း၌ကျင်းပသည့် အထူးအထွက်တိုး ဆင်းရှေလီ စပ်မျိုးစပါးဧက ၁၀၀၀အတွက် ဆင်းရှေလီ စပ်မျိုးစပါး F1 မျိုးစေ့ချပွဲ တော်အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားကို စိုက်ကွင်းအနီးရှိ ဆင်းရှေလီ တောင်သူလယ်သမားခန်းမ၌ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အထူးအထွက်တိုး ဆင်းရှေလီ စပ်မျိုးစပါးကိုပြီးခဲ့သည့် မိုးရာသီတွင် ၁၂ဧကစိုက်ပျိုးခဲ့ကြောင်း၊ နွေရာသီတွင် ဧက၁၂၀ထိ တိုးချဲ့စိုက်ပျိုးခဲ့ကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် တစ်ဧကလျှင် ၁၈၉တင်းအထိ အထွက်နှုန်းရရှိခဲ့ကြောင်း၊ ဒေသဝမ်းစာဖူလုံမည့်အပြင် စိုက်ပျိုးသူတောင်သူ လယ်သမားများ၏ ဝင်ငွေကိုတိုးတက်စေမည့် စပါးမျိုးဖြစ်သဖြင့် ယခုနှစ် မိုးရာသီတွင် ဧက ၁၀၀၀ထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်ထားရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က စပ်မျိုးစပါး ဧက၁၀၀၀ F1 မျိုးစေ့ထုတ်လုပ်ငန်း စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာဦးလှကြီးက စပ်မျိုးစပါး စိုက်နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် စပ်မျိုးစပါး F1 မျိုးစေ့ထုတ်စိုက်ပျိုးခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်စိုက်ပျိုးခဲ့ကြသည့် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က စိုက်ပျိုးရေးဝန်ထမ်း၊ မြေစာရင်းဝန်ထမ်းနှင့် ဆည်မြောင်းဦးစီးဌာနဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်ထံ Diamond Star ကုမ္ပဏီနှင့် ဦးကြူမိသားစုက ဂျုံမျိုးစေ့များကို ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက တိုင်းမှူး၏ ဦးဆောင်မှုဖြင့် တာဝန်ရှိသူအားလုံးက တက်တက်ကြွကြွ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသည့်အတွက် မှတ်တမ်းတင်ဂုဏ်ပြုကြောင်းဖြင့် ချီးကျူးစကားပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အထူးအထွက်တိုး ဆင်းရှေလီ စပ်မျိုးစပါး F1 မျိုးစေ့ချ စိုက်ပျိုးမှုများကို ကြည့်ရှုအားပေးကြပြီး ကိုယ်တိုင်ပါဝင်၍လည်း မျိုးစေ့ချစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရိတ်သိမ်းပြီး ဆင်းရှေလီစပ်မျိုးစပါးများ ခြွေလှေ့မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ရာနှုန်းပြည့်သန့်စင်ပြီးဖြစ်သည့် အထူးအထွက်တိုး ဆင်းရှေလီစပ်မျိုးစပါးများကိုလည်းကောင်း၊ ဆင်းရှေလီနှင့် ဆင်းရတနာဆန်သား နမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၄ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မိုင်းရယ်မြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးပြီး သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံဆရာဝန်ဒေါက်တာစိုးသန့်နှင့် သူနာပြုများက ကြိုဆိုကြပြီး ဆေးရုံအတွင်းလှည့်လည်ရှင်းလင်းပြသကြသည်။

ကြိုးကြိုးစားစားဆောင်ရွက်

ထို့နောက် မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်တင်က မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဖြူဖြူခိုင်က ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် လှည့်လည်သွားလာရင်း ယခု မိုင်းရယ်မြို့သို့ မိမိတို့ရောက်ရှိလာခြင်းဖြစ်ကြောင်း။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ နိုင်ငံတော်၏ ဖြည့်ဆည်းအထောက်အကူပေးမှုများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဝန်ထမ်းများက ထိထိရောက်ရောက် အသုံးပြု၍ ဒေသဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြိုးစားစား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့်မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး အတွင်းရေးမှူး(၁)အားလည်း ဦးလွယ်မောင်းက ဂါရဝပြုလက်ဆောင်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများကိုလည်းကောင်း၊ မိုင်းရယ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက်အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတပ်ရင်းသို့သွားရောက်ကြပြီး သူရဇော်မင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားနှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂နာရီတွင် မိုင်းရယ်မြို့မှ တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်း နောင်ဖိုင်ကျေးရွာစခန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ထို့နောက် စခန်းရှင်းလင်းဆောင်၌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း အခြေအနေနှင့် အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို ပဏာမရှင်းလင်းတင်ပြပြီး နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းတို့က လမ်းလုပ်ငန်းအခြေအနေများနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို ရှင်းလင်းမှာကြားပြီး လမ်းဖောက်လုပ်လျက်ရှိသည့် တပ်မတော်သားများ၏ကိုယ်စား နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တန့်ယန်း–မိုင်းကောင်–မိုင်းရှူးကားလမ်း လမ်းပိုင်းချဲ့ထားမှု၊ လမ်းခင်းကျောက် စုဆောင်းထားမှုနှင့် ကျောက်ခွဲစခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လမ်းလုပ်ငန်းဆောင်ရွက်နေသည့် တပ်မတော်သားများအား နှုတ်ဆက်အားပေးကြသည်။

တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်းမှာ ၅၅မိုင်ရှိပြီး အမာခံ ကျောက်လမ်းအမျိုးအစားဖြစ်သည်။ အဆိုပါလမ်းကို လမ်းသားအကျယ်ပေ ၄၀နှင့် ၁၂ပေကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်းကို ကြည့်ရှုစစ်ဆေးပြီး တန့်ယန်းမြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေမောင်က မြို့နယ်၏စီးပွားရေး၊ လူမှုရေးအခြေအနေနှင့် ဖွံ့ဖြိုးတိုးတက်ရေး

စာမျက်နှာ ၈ ကော်လံ ၁

13-7 (06).p65 1 03/25/1905, 8:05 PM

ကျေးလက်နေပြည်သူများလူမှုဘဝမြင့်မားစေမည့် ကျေးလက်အိမ်ရာများ

တာစု(ကျခတ်ဝါးရုံ)ကျေးရွာ ကျေးလက်အိမ်ရာ

ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်း မြို့နယ်တွင် စည်ပင်သာယာရေး အဖွဲ့က ဆောက်လုပ် ပေးထားသော တာစု(ကျခတ်ဝါးရုံ)ကျေးရွာရှိ ကျေးလက် အိမ်တစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ဆောက်လုပ်ပြီး ကျေးလက်အိမ်

မကွေးတိုင်း အောင်လံ မြို့နယ်တွင် ကျေးလက်နေ ပြည်သူများ လူမှုဘဝမြင့်မား တိုးတက် အဆင်ပြေစေရေး အတွက် မိုးကောင်းကျေးရွာ၌ စည်ပင်သာယာရေးအဖွဲ့က ကျေးလက်နေအိမ်ကို ဤသို့ ဆောက်လုပ်ပေးထား သည်။ (ဓာတ်ပုံမှတ်တမ်း-မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုကို ငါးဆူတောင်စံပြကျေးရွာတွင် ကွင်းဆင်းကြည့်ရှုကြစဉ်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

သစ်ရာကောက်ကျေးလက် အိမ်ရာ

မကွေးတိုင်း မကွေးမြို့နယ် သစ်ရာကောက်ကျေးရွာတွင် ကျေးလက်နေ ပြည်သူများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်အိမ်ရာများကို ဤသို့ဆောက်လုပ်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ် ပျဉ်ပုံအုပ်စု၊ ကူကြီးရွာသစ်တွင် ကျေးလက်အိမ်ရာတည်ဆောက် ပြီးစီးမှုများကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြစဉ်။
(၄၀၃)

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောက်လုပ်ပေးထားသော ဒါးက ကျေးရွာမှ ကျေးလက်အိမ်ရာတစ်လုံးကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

ပညာရေးပြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မိုင်းရယ်မြို့ ဒေသခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

အတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း၊ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို သက်ဆိုင်ရာ ဌာနတာဝန်ခံများက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဖြည့်ဆည်းပေးနေမှု အခြေအနေများကိုလည်းကောင်း၊ လမ်းပိုင်းဆိုင်ရာများတွင် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံး ညီညီညွတ်ညွတ်ကြိုးစားလုပ်ကိုင်ကြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လားရှိုးမြို့ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး သုတေသနစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြားလိုအပ်သည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပေးသင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နယ်စပ်ဒေသများအပါအဝင် ပြည်နယ်၊ တိုင်းဒေသအသီးသီး မျှမျှတတ ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာရေး၊ တောင်ပေါ်ဒေသများနှင့် မြေပြန့်ဒေသများအကြား၊ နယ်စွန်နယ်ဖျားနှင့် အတွင်းပိုင်းဒေသများအကြား ဆူကြိုနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းစေရေးတို့အတွက် နိုင်ငံတော်က ဖွံ့ဖြိုးရေးစီမံကိန်းသုံးခုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံတော်၏ပံ့ပိုးမှုအပေါ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ စုစည်းပူးပေါင်း ပါဝင်ဆောင်ရွက်မှုကြောင့် နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာနေမှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု ရရှိခိုင်မြဲလာသည်နှင့်အမျှ တန့်ယန်းဒေသ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့်အခြေအနေများ၊ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်နှင့် တည်ငြိမ်အေးချမ်းသည့် လမ်းကြောင်းမှန်ပေါ်ရောက်နေသည့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အဖြစ် အရှိန်အဟုန်ရှိရှိ ဆက်လက်တည်ဆောက်နိုင်ရေးအတွက် ရှေ့ဆက်သွားမည့် နိုင်ငံရေးလုပ်ငန်းစဉ်အဆင့်ဆင့်ကိုချမှတ်ပြီး အဆင့်လိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တန့်ယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာတစ်စုံကို မြို့နယ်ပညာရေးမှူး ဦးကျင့်ဇမုံအားလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် ကျောင်းရန်ပုံငွေတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းအမ်ခမ်းအား လည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းစိန်မြင့်အား ပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များနှင့် ကျောင်းရန်ပုံငွေတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံခေါင်းဆောင်များဖြစ်သည့် ဦးစိုင်းမွန်း၊ ဦးစိုင်ဖနှင့် ဦးလောင်မားတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဒေသခံခေါင်းဆောင်များကလည်း အတွင်းရေးမှူး(၁)အား ဂါရဝပြုလက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီ မိနစ်၅၀တွင် ရဟတ်ယာဉ်ဖြင့် တန့်ယန်းမြို့မှ ကွမ်းလုံမြို့သို့ ရဟတ်ယာဉ်ဖြင့်ရောက်ရှိကြရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ကွမ်းလုံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များက ကြိုဆိုကြသည်။

ထို့နောက် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ ကွမ်းလုံခရိုင်နှင့် ကွမ်းလုံမြို့နယ်၊ ဟိုပန်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ကြိုးစားလုပ်ကိုင်

တွေ့ဆုံပွဲတွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့်အဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လာရောက်သည့်ခရီးစဉ်၏ ရည်ရွယ်ချက်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်များ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုအားလုံးညီညီညွတ်ညွတ်အလုပ်ကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)က နှုတ်ဆက်စကားပြောကြားပြီး ကွမ်းလုံမြို့ အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှု သင်ယူမှု အထောက်အကူ ပြုစာသင်ခန်းများအတွက် ကွန်ပျူတာတစ်စုံကို မြို့နယ်ပညာရေးမှူး ဦးကြည်ရွှေအားပေးအပ်ပြီး ကွမ်းလုံမြို့အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံထောက်ပံ့ငွေများနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆေးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအားပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ကိုးကန့်ဒေသမှ ဦးလီကျုံးချန်နှင့် ဦးပင်ရှောက်ချိန်၊ နမ့်တစ်ဒေသမှ ဦးအိုက်ရှန်းနှင့် ဦးလူရှင်းကြာတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တန့်ယန်းမြို့တွင် ဒေသခံခေါင်းဆောင်များဖြစ်သည့် ဦးစိုင်းမွန်း၊ ဦးစိုင်ဖနှင့် ဦးလောင်မားတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

(သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ကောင်းခါးမြို့သစ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းခန်းမ၌ ဒေသတာဝန်ခံများ၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံရာ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာနမှ ဦးစီးအရာရှိဦးငွေစိုးက နမ့်ဟူးမွန်ချောင်း ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ ကောင်းခါး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးဦးဌေးအောင်က ကျောင်းသား ကျောင်းသူများအား ပညာ သင်ကြားပေးနေမှုအခြေအနေများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရပ်ရွာဒေသတည်ငြိမ်အေးချမ်းမှု၏ အကျိုးဆက်အဖြစ် ကောင်းခါးမြို့သစ်နှင့် ပတ်ဝန်းကျင်သိသာစွာ ဖွံ့ဖြိုးတိုးတက်လာနေမှုအခြေအနေများကို တွေ့မြင်ရသဖြင့် ဝမ်းသာကြည်နူးမှု ဖြစ်ရကြောင်းပြောကြားပြီး ကောင်းခါး တိုက်နယ်ဆေးရုံအတွက် ဓာတ်မှန်ရရှိရေး၊ မြို့သောက်သုံးရေရရှိရေးအပါအဝင် ကောင်းခါးမြို့သစ်၏ လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ဗလာစာအုပ်များပေးအပ်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကောင်းခါး အခြေခံပညာ အထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများကို ကျောင်းအုပ်ကြီး ဦးဌေးအောင်အားလည်းကောင်း၊ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများ၊ ကောင်းခါးမြို့သစ်မှ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များကို ကျောင်းအုပ်ကြီးနှင့် ကျောင်းအကျိုးတော်ဆောင် ဦးမရန်တူးလွမ်တို့အားလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်းများကို တိုက်နယ်ဆရာဝန် ဒေါက်တာတင့်လွင်အား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်အား ကောင်းခါးမြို့သစ် အရန်မီးသတ်တပ်ဖွဲ့အတွက်ပေးအပ်သော မီးသတ်ယာဉ်တစ်စီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ကချင်တိုင်းရင်းသား ခေါင်းဆောင်များဖြစ်ကြသည့် ဦးဇော်ယွန်နှင့် ဦးလွမ်းတောင်တို့အား အမှတ်တရ လက်ဆောင် ပစ္စည်းများပေးအပ်သည်။

ထို့နောက် ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်က အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ညပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားသည်။

(သတင်းစဉ်)

ဆေးပစ္စည်းများ ပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မိုင်းရယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင်နှင့် ဆေးပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁)သည် ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၅နာရီခွဲတွင် ကွမ်းလုံမြို့မှ ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ်သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးစံရွှေသာနှင့် ဌာနဆိုင်ရာများ၊ ကချင်တိုင်းရင်းသားခေါင်းဆောင် ဦးဇော်ယွန်နှင့် တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကောင်းခါးမြို့သစ် တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တိုက်နယ်ဆရာဝန် ဒေါက်တာတင့်လွင်နှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဟူးမွန်ဆည်ရေသောက်ဧရိယာရှိ မျိုးစေ့ထုတ်စိုက်ကွင်း၌ ကျင်းပသည့် အထူးအထွက်တိုး ဆင်းရွှေလီ စပ်မျိုးစပါး ဧက ၁၀၀၀အတွက် ဆင်းရွှေလီစပ်မျိုး စပါး FIမျိုးစေ့ချပွဲတော် အခမ်းအနားတွင် စိုက်ပျိုးကြီးကြပ်မှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

(သတင်းစဉ်)

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

■ **ရွှေ့ဖုံးမှ**

ဟောပြောပွဲသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်ညွန့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနနှင့်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှအမျိုးသမီးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပေါ်ပေါက်လာပုံနှင့်နောက်ခံသမိုင်း၊ အဖွဲ့ချုပ်ရည်ရွယ်ချက်ခုနစ်ရပ်နှင့် လုပ်ငန်းအဖွဲ့ ၁၆ ခု၏ လုပ်ငန်းတာဝန်များ၊ အဆင့်ဆင့်ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဇာတိမာန်ထက်သန်သောမြန်မာအမျိုးသမီးများ၊ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးများပေါ်ထွန်းရေးကို မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးက တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်တင်တင်ညွန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် ဝန်ကြီးဌာနမှ လှူဒါန်းငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းအား ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဘဏ္ဍာရေးနှင့် စီမံရေးရာလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်ဒေါ်တင်တင်မြင့်က ဝန်ကြီးဌာန၏ ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ပြီး အခမ်းအနား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၂

ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်နှင့် (၂၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်း တိုက်သစ်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းသံဃနာယက အဖွဲ့ဥက္ကဋ္ဌ (ဝေဠုဝန်) ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ်ဆရာတော် ဘဒ္ဒန္တပညောဘာသအားအမှူးထား၍ သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ပညာရည်ချွန်ဆုချီးမြှင့်ပွဲအတွက် ၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် သားသမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်း မိတ္တူနှင့်အတူ ဇူလိုင်၂၂ရက် နောက်ဆုံးထား၍ ဒုတိယဗိုလ်မှူးကြီးခင်စိုး (ငြိမ်း)ဖုန်း-၅၇၇၀၇၆၊ဦးစံဖုန်း-၀၉-၈၀-၃၀၃၄၆၊ ဦးအောင်မြင့်လွင် ဖုန်း- ၅၇၂၁၉၄၊ ဦးသန့်ကြီးဖုန်း-၅၃၉၇၅၈တို့သို့ ပေးပို့ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုအသင်းတည်ရာဘီးလင်းတိုက်သစ်ကျောင်းသို့ ပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၂

ဦးဝင်းဇော်ဦးသည် ကစားဖော်များဖြစ်ကြသော ဦးရဲထွဋ်၊ ဦးဇော်မြင့်၊ ဦးကျော်ကျော်တို့နှင့် အတူ ဥက္ကလာ ဂေါက်ကွင်း၌ ဇူလိုင် ၂ရက်ညနေ ၄နာရီခွဲက ဂေါက်သီးရိုက်ကစားနေစဉ် ကျင်းအမှတ် ၁၂သို့ ၁၆၅ကိုက်အကွာမှ Precept-10 ဘောလုံးကို Bridgestone Eagle Iron-7 ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်ခဲ့ကြောင်း သိရသည်။ **(က-ပ)**

သက်ရှည်ကျန်းမာ စားသောက်နေထိုင်ရာ

မျှတသော အစားအစာ စားတတ်မှု (Balanced Diet)နှင့် ကျန်းမာသော လူနေမှုပုံစံ(Healthy Life Style)တို့မှာ ဘဝတစ်သက်တာအတွက် ကျန်းမာရေး ကောင်းမွန်တိုးတက်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးကြီးသော လိုအပ်ချက်များဖြစ်သည်။ ယင်းတို့သည် ရောဂါမဖြစ်ပွားစေရန် ကာကွယ်ရာ တွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ နာတာရှည် ရောဂါ များဖြစ်သော အဝလွန်ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံး နှင့် သွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါ၊ အရိုးပွရောဂါနှင့် သွားနှင့် ပတ်သက်သောရောဂါများသည် အစာအာဟာရ စားသုံးမှု၊ လူနေမှုပုံစံနှင့် ဆက်စပ်လျက်ရှိပြီး ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။ နာတာရှည်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးသည် တစ်ကမ္ဘာလုံးတွင် လျင်မြန်စွာ ကြီးထွားနေသည်။ တွက်ချက်မှုများအရ ၂၀၀၁ခုနှစ်တွင် တစ်ကမ္ဘာလုံး သေဆုံးသူဦးရေမှာ ၅၆ ဒသမ ၅ သန်း၏ ၆၀ ရာခိုင်နှုန်းသည် နာတာရှည်ရောဂါများကြောင့် ဖြစ်သည်။ နာတာရှည်ရောဂါ များ၏ ပြဿနာသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌သာ ဖြစ်ပွားသည် မဟုတ်ပါ။ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင်လည်း နာတာရှည်ရောဂါများနှင့် ပတ်သက်သော လူထုကျန်းမာ ရေးဆိုင်ရာ ပြဿနာများသည် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ပွားနေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ ဥပမာ-မြန်မာနိုင်ငံတွင် ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးမှာ နှစ်မျိုးဖြစ်နိုင်သည်။ ယင်းတို့မှာ ကူးစက်ရောဂါများနှင့် နာတာရှည်ရောဂါတို့ ဖြစ်ကြသည်။ နာတာရှည်ရောဂါများမှာ များသောအားဖြင့် ကာကွယ်နိုင်သည့် ရောဂါများ ဖြစ်ကြသည်။ အသက်၊ လိင်နှင့် မွေးရာပါ မျိုးရိုးဗီဇဆိုင်ရာ အားနည်းချက်များကို ပြုပြင်ပြောင်းလဲ၍ မရနိုင်သော်လည်း နာတာရှည်ရောဂါ များနှင့် ဆက်စပ်လျက်ရှိသော ရောဂါဖြစ်ပွားနိုင်သည့် အခြားအချက်အလက် အများစုကိုမူ ပြုပြင်ပြောင်းလဲနိုင်သည်။

ယင်းအချက်အလက်အချို့မှာ-

အမူအကျင့်ဆိုင်ရာ အချက်အလက်များ -

အစားအစာ စားသုံးမှု မမှန်ကန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး အသုံးပြုခြင်း၊ အရက်သောက်ခြင်း။

ဇီဝဆိုင်ရာ အချက်အလက်များ -

သွေးထဲတွင် အဆီဓာတ်ပါဝင်မှု မမှန်ကန်ခြင်း၊ သွေးတိုးရောဂါ၊ ကိုယ်အလေး ချိန်များခြင်း၊ သွေးထဲတွင် အင်ဆူလင်ဟိုမုန်းဓာတ်များပြားခြင်း။

လူမှုရေးဆိုင်ရာ အချက်အလက်များ -

ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ။

အစားအစာစားသုံးမှုမှာ နာတာရှည်ရောဂါများ ဖြစ်ပွားခြင်းတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်းကို နှစ်ပေါင်းများစွာကတည်းက သိရှိပြီးဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှု နည်းပါးသော လူနေမှုအနေအထိုင် မျိုးသည် ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း တစ်နေ့ထက်တစ် နေ့များပြားလာနေ၍ ကျန်းမာရေးအတွက် အရေးကြီးသော အကြောင်းတစ်ရပ် ဖြစ်လာသည်။ ဤအကြောင်းအပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲခြင်း သည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နာတာရှည်ရောဂါဖြစ်ပွားမှုနှုန်း တိုးတက်လာ ခြင်းကို အပိုထပ်ဆောင်းခြင်းပင် ဖြစ်သည်။

အာဟာရချို့တဲ့ခြင်း၏ ဝမ်းနည်းဖွယ်ရာ နောက်ဆက်တွဲ ပြဿနာများမှာ အသက်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါချို့တဲ့ခြင်း၊ ကိုယ်ကာယနှင့် ဉာဏ်ရည် ဉာဏ်သွေးဖွံ့ဖြိုးမှုနှေးကွေးနှောင့်နှေးခြင်း၊ လူစဉ်မမီခြင်းနှင့် ရလဒ်အဖြစ် လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်မှုမှာလည်း နိမ့်ကျလာမည်။

ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အသက် ငါးနှစ်အောက်ကလေးများ နှစ်စဉ် ၁၀ဒသမ ၉ သန်းခန့် သေဆုံးကြရာတွင် ၆၀ ရာခိုင်နှုန်းမှာ အာဟာရဓာတ်ချို့တဲ့ခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ ပရိတင်း၊ အင်နာဂျီ ချို့တဲ့ခြင်း၊ အိုင်အိုဒင်းချို့တဲ့ ခြင်းဆိုင်ရာ ရောဂါများ၊ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါနှင့် ဗီတာမင်အေ ချို့တဲ့သော ရောဂါများမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဓိက အာဟာရဆိုင်ရာ ပြဿနာ များ ဖြစ်သည်။ အာဟာရဓာတ်ချို့တဲ့ရသော အဓိကအကြောင်းရင်းများအနက် အကြောင်းရင်းတစ်ရပ်မှာ မရှိ၍ မစားသောက်နိုင်ခြင်း မဟုတ်ဘဲ အာဟာရ ဓာတ်ပြည့်ဝအောင် မည်ကဲ့သို့ စီစဉ်စားသောက်ရမည်ကို မသိရှိခြင်းကြောင့် ဖြစ်သည်။ အန္တရာယ်ကင်းရှင်းသော၊ အမျိုးစုံလင်သော ရိုးရာအစားအစာ စားသောက်မှုသည် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်ရုံမက နာတာရှည်ရောဂါ ဖြစ်ပွားမှုကိုလည်း နည်းပါးစေသည်။

နာတာရှည်ရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို လျော့နည်းစေရန် ကျန်းမာရေး နှင့် ညီညွတ်သော အစားအစာစားသုံးမှုနှင့် နေထိုင်မှုပုံစံ တိုးမြှင့်ပေးခြင်းသည် အလွန်အရေးကြီးသည့်အတွက် ပြည်သူလူထုအတွင်း အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့ အစည်းများ(NGOS) ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် လိုအပ်သည်။ အစား အစာနှင့် ပတ်သက်၍ ချက်ပြုတ်ရန် ကိုင်တွယ်ခြင်း၊ ပြင်ဆင်ခြင်း၊ သိုလှောင်ခြင်း အစရှိသည်တို့ကို နည်းစနစ်မှန်ကန်ကျနစွာ ချက်ပြုတ် စားသောက်တတ်ရေး ပြည်သူလူထုတစ်ရပ်လုံး သိရှိသဘောပေါက် နားလည်းမှုရှိရန် မီဒီယာများမှ ပညာပေးခြင်း အမျိုးမျိုးလုပ်ဆောင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံးအတွက် လုံလောက်သော အစားအစာများ ရရှိစေမည့်အပြင် အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာ စားသုံး ခြင်းကိုလည်း ဖြစ်စေနိုင်မည်ဖြစ်သည်။ အင်အားဓာတ် များပြားပြီး အဆီ၊ ဖြည့်စွက်သကြားနှင့် တိရစ္ဆာန်များမှရရှိသည့် ပြည့်ဝဆီစသည်တို့ များပြား သော အစားအစာများသည် ပြည်သူလူထုအတွင်း စားသုံးမှုများပြားလာ သကဲ့သို့ တစ်ဖက်တွင်လည်း ပေါင်းစပ်ကာဗိုဟိုက်ဒြိတ် (Complex Carbohydrate)၊ အမျှင်ကြွယ်ဝသော အစာများနှင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စားသုံးမှုလျော့နည်းလာခြင်းသည် ဖော်ပြပါ နာတာရှည်ရောဂါ များ ဖြစ်ပွားစေရန် အားပေးလျက်ရှိသည်။ လူနေမှုပုံစံ ပြောင်းလဲခြင်းဖြစ် သည့် ကိုယ်လက်လှုပ်ရှားမှု လျော့နည်းခြင်း၊ စိတ်ဖိစီးမှု (Stress) များခြင်း သည် အဆိုပါ နာတာရှည်ရောဂါများ ဖြစ်ပွားစေရန် ထပ်ဆောင်းသကဲ့သို့ ဖြစ်နေသည်။

လူသားအားလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်ရန် အခြေခံအာဟာရ ဓာတ် ခြောက်မျိုးလိုအပ်သည်။ မရှိမဖြစ်လိုအပ်သော အာဟာရဓာတ်များ သတ်မှတ်ထားသည့် ပမာဏ၊ အချိုးအဆအတိုင်း ပါဝင်သည့် မျှတသော အစား အစာကို စားသုံးရန်လိုအပ်သည်။ ယင်းအခြေခံ အာဟာရဓာတ် ခြောက်မျိုးမှာ-

၁။ ကစီဓာတ် (ကာဗိုဟိုက်ဒြိတ်)
၂။ အသားဓာတ် (ပရိုတင်း)
၃။ အဆီဓာတ်
၄။ သက်စောင့်ဓာတ် (ဗီတာမင်)
၅။ သတ္တုဓာတ်နှင့်
၆။ ရေဓာတ်တို့ဖြစ်ကြသည်။

အင်အားဓာတ်များမှာ ကစီဓာတ် (ကာဗိုဟိုက်ဒြိတ်)နှင့် အဆီဓာတ်တို့မှ အဓိက ရရှိသည်။ ကိုယ်ကာယကြီးထွားမှုမှာ ပရိုတင်း အသားဓာတ်နှင့် သတ္တုဓာတ်များပေါ်တွင် မူတည်ကာ ဗီတာမင်များ သည် ကိုယ်ခန္ဓာအတွင်း စွမ်းဆောင်ချက်များကို ပုံမှန် ဖြစ်စေရန် ထိန်းချုပ်ပေးပြီး ရေဓာတ်မှာ စုစုပေါင်း ကိုယ်အလေးချိန် ၆၀ရာခိုင်နှုန်းအဖြစ် ပါဝင်သည်။

ဒေါက်တာပိုင်ခိုး
(ဆေးသုတေသနဦးစီးဌာန)

မျှတသော အစားအစာ စားသုံးမှုဖြစ်စေရန် မြန်မာလူမျိုးများသည် အောက်တွင် ဖော်ပြထားသော အစားအစာ၊ အုပ်စုသုံးမျိုးရှိ အုပ်စုတစ်မျိုးစီမှ အစားအစာ အမျိုးအစားတစ်မျိုး၊ သို့မဟုတ် တစ်မျိုးထက်ပို၍ ရွေးချယ် စားသုံးရပါမည်။ အုပ်စု(၁)တွင် ပါဝင်သော အစားအစာများမှာ ခန္ဓာကိုယ် ကြီးထွား ဖွံ့ဖြိုးစေသော အသားဓာတ်ကိုရရှိစေပြီး၊ အုပ်စု(၂)မှ အင်အား ဓာတ်ကိုအဓိကရရှိကာ၊ အုပ်စု(၃)မှ ရောဂါများကိုကာကွယ်ပေးသော ဗီတာမင်နှင့် သတ္တုဓာတ်ကို အဓိကရရှိမည်ဖြစ်သည်။ ယင်းအုပ်စု(၃)စုမှာ-

အုပ်စု(၁) ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ

ငါး၊ အသားအမျိုးမျိုး၊ ဝမ်းတွင်းကလီစာများ၊ ပုစွန်၊ ဥအမျိုးမျိုး၊ ဘဲသွေး၊ ပဲပြား၊ တို့ဟူး၊ ပဲအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းများ။

အုပ်စု(၂)တွင် အင်အားဖြစ်စေသော အစားအစာများ

ဆန်၊ ပြောင်းဖူး၊ ပေါင်မုန့်၊ ခေါက်ဆွဲ၊ ကောက်ညှင်းနှင့် ပြုလုပ်သော မုန့်အမျိုးမျိုး၊ ပိန်းဥ၊ ကန်စွန်းဥ၊ အာလူး၊ ထောပတ်၊ ဆီအမျိုးမျိုး။

အုပ်စု(၃) ရောဂါကာကွယ်စေသောအစားအစာများ

အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ အဝါရောင်ရှိသော သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ၊ သံပရာသီး၊ မာလကာသီး၊ ခရမ်းချဉ်သီးနှင့် အခြားသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ။

ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုပုံစံအတွက် အစားအစာအညွှန်း

၁။ အစာမျိုးစုံ စားသုံးရန်။
၂။ စားသုံးသော အစားအစာပမာဏကို ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတစေ ခြင်းဖြင့် ကိုယ်အလေးချိန်ကို ထိန်းထားရန်၊ သို့မဟုတ် အသက်နှင့် လိင် အလိုက် ရှိသင့်သော ကိုယ်အလေးချိန် ရရှိစေရန်။
၃။ ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ များစွာ ပါဝင်သော အစားအစာကို ရွေးချယ်စားသုံးရန်။
၄။ အဆီဓာတ်၊ ပြည့်ဝအဆီဓာတ်နှင့် ကိုလက်စထရောတို့ နည်းပါးသော အစားအစာကို ရွေးချယ်စားသုံးရန်။
၅။ အချိုဓာတ် အသင့်အတင့်သာပါသော အစားအစာများကို ရွေးချယ်စား သုံးရန်။
၆။ ဆားနှင့် ဆိုဒီယမ် အသင့်အတင့်သာပါသော အစာများကိုရွေးချယ်စား သုံးရန်။
၇။ လတ်ဆတ် အန္တရာယ်ကင်းရှင်းသော အစားအစာများကို ရွေးချယ်စား သုံးရန်။
၈။ ယမကာသောက်သုံးတတ်ပါက အသင့်အတင့်သာသောက်သုံးရန်။

၁။ အစာမျိုးစုံ စားသုံးရန်

ကိုယ်ခန္ဓာအတွက် လိုအပ်သော အာဟာရဓာတ် အရေအတွက်မှာ အမျိုး ၄၀ ထက် ပိုသည်။ ထို ဓာတ်အားလုံးပါဝင်သော အစားအစာတစ်မျိုး တည်းဟူ၍ မရှိသည့်အတွက် အစားအစာမျိုးစုံကို စားသုံးခြင်းသည်သာ ကျန်းမာရေးကို အထောက်အကူပြုနိုင်မည့် စားသောက်မှုပုံစံဖြစ်ရန် အကောင်း ဆုံးနည်းလမ်းဖြစ်သည်။ ထို့အပြင် အစားအစာများတွင် အဆိပ်အတောက်များ ပါဝင်နိုင်သဖြင့် အစားအစာတစ်မျိုးတည်းကို စားသုံးခြင်းထက် အစားအစာ မျိုးစုံကို စားခြင်းဖြင့် အဆိပ်သင့်နိုင်မှုကို လျော့နည်းစေနိုင်သည်။

အာဟာရဓာတ် စုံလင်သော အစာများ (ဥပမာ-ငါးကို ခရမ်းချဉ်သီး၊ အစိမ်းရောင်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့်ရောနှောကာ ဆီအနည်းငယ်နှင့် စနစ်တကျ သန့်ရှင်းစွာ သုပ်စားခြင်း)ကို ရွေးချယ်ရန် အရေးကြီးပါသည်။

၂။ စားသုံးသော အစားအစာပမာဏကို ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတစေခြင်း ဖြင့် ကိုယ်အလေးချိန်ကို ထိန်းထားခြင်း၊ သို့မဟုတ် သင့်တော်သော အလေးချိန် ရှိစေခြင်း

ရှိသင့်သော ကိုယ်အလေးချိန်ထက် များပြားလျှင် သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ (နှလုံးသွေးကြောကျဉ်းရောဂါ၊ လေသင်တုန်းဖြတ်ခြင်းနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေများခြင်းနှင့် ယင်းတို့နှင့် ဆက်စပ် သော နောက်ဆက်တွဲရောဂါများ) ဖြစ်လာနိုင်သည်။ အင်အားဓာတ်လိုအပ်ချက် မှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ အသက်၊ လိင်၊ ကိုယ်ခန္ဓာအချိုးအစား၊ အခြေခံဓာတ်ပြုနှုန်း၊ ကိုယ်ခံစွမ်းအားနှင့် ကိုယ်လက်လှုပ်ရှားမှုပေါ်မူတည်ကာ ပြောင်းလဲသည်။

ကိုယ်အလေးချိန် လျှော့ချခြင်းသည် ကောင်းသောအစားအစာ စားသောက်မှု ပုံစံနှင့် သက်ဆိုင်မှုရှိသည်။ အစားအစာကို တစ်ကြိမ်စားလျှင် ဖြည်းဖြည်းနှင့် နည်းနည်းစားပြီး ထပ်မံမယူခြင်းသည် ကောင်းသောအလေ့အကျင့် ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုကို များများပြုလုပ်ခြင်းသည်လည်း အရေးကြီးသည့် အချက် ဖြစ်သည်။

ကိုယ်အလေးချိန် လျှော့ချခြင်းကို ရက်သတ္တတစ်ပတ်လျှင် တစ်ပေါင်မှ နှစ်ပေါင်အထိသာ တဖြည်းဖြည်း လျှော့ချသင့်သည်။ တဖြည်းဖြည်း ကိုယ် အလေးချိန် လျော့သွားခြင်းသည် အကောင်းဆုံးနှင့် စိတ်အချရဆုံးသော ကိုယ်အလေးချိန်လျှော့ချသော နည်းလမ်းဖြစ်သည်။ တစ်နေ့အတွက် ၁၀၀၀ ကယ်လိုရီထက် လျော့နည်းသော အစားအစာ စားသုံးပါက အစားစားခြင်းကို လွန်စွာချုပ်တည်းသကဲ့သို့ဖြစ်ပြီး တစ်နေ့တာ အာဟာရဓာတ် လိုအပ်ချက်ထက် လျော့နည်းသွားမည်ဖြစ်သည်။ ယင်းအစားအစာ စားသုံးမှုပုံစံသည် ကျန်းမာ ရေးကို ထိခိုက်စေနိုင်ပြီး အသက်ကိုပါ ထိခိုက်နိုင်သည်အထိ ဖြစ်စေနိုင်ပါသဖြင့် သတိပြုရမည့်အချက်ဖြစ်သည်။ ကိုယ်ခန္ဓာရှိ အဆီတစ်ပေါင်တွင် ၃၅၀၀ကယ်လိုရီ ပါဝင်သည့်အတွက် ကိုယ်အလေးချိန် တစ်ပေါင်လျှော့ချရန် ၃၅၀၀ကယ်လိုရီကို အသုံးပြုရမည်။ ဥပမာ-လူတစ်ဦးသည် တစ်နေ့တာ အသုံးပြုသော ကယ်လိုရီ ထက် ၅၀၀ ကယ်လိုရီ လျှော့စားသွားပါက ရက်သတ္တတစ်ပတ်အကြာတွင် ကိုယ်အလေးချိန်တစ်ပေါင် လျော့မည်ဖြစ်သည်။ ကိုယ်အလေးချိန် လျော့ကျ နှုန်းကို မြန်ဆန်စေချင်ပါက ကိုယ်လက်လှုပ်ရှားမှုကို ပိုမိုပြုလုပ်ပေးရမည် ဖြစ်သည်။

ကိုယ်အလေးချိန် လျော့ကျသွားခြင်းသည် ရှိသင့်သော အတိုင်းအတာထက် ပိုမသွားရန် အရေးကြီးသည်။ လွန်မင်းစွာ လျော့ကျသွားခြင်းသည် အာဟာရဓာတ် ချို့တဲ့ခြင်း၊ မီးယပ်သွေး မှုမမှန်ခြင်း၊ မြုံသွားခြင်း၊ ဆံပင်ကျွတ်ခြင်း၊ အရေပြား အပြောင်းအလဲဖြစ်ခြင်း၊ အအေးမခံနိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ အနှောင့်အယှက်များ ဖြစ်ပေါ်ခြင်းနှင့် နောက်ဆုံးအသက်ကို ထိခိုက်နိုင်သည်အထိ ဖြစ်တတ်သည်။ အကယ်၍ အဖြေမရှာနိုင်သော ကိုယ်အလေးချိန် လျော့ကျခြင်း ရှိပါက ရောဂါတစ်ခုခု၏ လက္ခဏာဖြစ်နိုင်သဖြင့် တတ်ကျွမ်းသောဆရာဝန်နှင့် ပြသရန် လိုအပ်သည်။

၃။ ကောက်ပဲသီးနှံများ၊ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးဝလံများ များစွာ ပါဝင်သော အစားအစာကို ရွေးချယ်စားသုံးခြင်း

ကောက်ပဲသီးနှံထွက် အစားအစာများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များကို နေ့စဉ်စားသုံးသင့်သည်။ ယင်းအစားအစာများမှ ဗီတာမင်သက်စောင့် ဓာတ်များ၊ သတ္တုဓာတ်များ၊ ပေါင်းစပ်ကာဗိုဟိုက်ဒြိတ်၊ ကစီဓာတ်များနှင့် အမျှင်ဓာတ်များရရှိမည်ဖြစ်သည်။ အဆီဓာတ်ပါဝင်မှုလည်း နည်းသည်။ ဆရာဝန်၏ညွှန်ကြားချက်မှအပ အမျှင်ဓာတ်ပါဝင်သော ဖြည့်စွက်ဆေးဝါးများကို စားသုံးရန် မသင့်ပါ။ အမျှင်ဓာတ်ပါဝင်မှု ကြွယ်ဝသော အစားအစာ စားသုံးမှု သည် နှလုံးသွေးကြောကျဉ်းရောဂါ၊ လေသင်တုန်းဖြတ်ခြင်း၊ သွေးတိုးခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်မှုနှုန်းများကို လျော့နည်းစေသည်။ စားသုံးသင့်သည့် ပမာဏရှိသော ဟင်းသီးဟင်းရွက် များနှင့် သစ်သီးဝလံများနှင့်အတူ ကောက်ပဲသီးနှံများ၊ ပဲအမျိုးမျိုးကို စားသုံး ခြင်းဖြင့် လုံလောက်သော အမျှင်ဓာတ် (တစ်နေ့အတွက် ၂၀ မှ ၃၀ ဂရမ်) ရရှိ နိုင်သည်။ အစိမ်းရင့်ရောင်နှင့် အဝါရောင်ရင့်ရင့် ဟင်းသီးဟင်းရွက်များနှင့် အဝါရောင်ရင့်ရင့် သစ်သီးဝလံများ စားသုံးခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွား နိုင်မှုနှုန်းများကို လျော့နည်းခြင်းနှင့် ဆက်စပ်လျက်ရှိသော ဘီတာကယ်ရိုတင်း (B Carotene)ဓာတ်များကို ရရှိနိုင်သည်။ ဗီတာမင်စီဓာတ်သည်လည်း ကင်ဆာ ရောဂါဖြစ်ပွားနိုင်မှုနှုန်းများကို လျော့နည်းခြင်းနှင့်ဆက်စပ်လျက်ရှိပြီး ဟင်းသီး ဟင်းရွက်များနှင့် သစ်သီးဝလံများတွင် ပါဝင်သည်။

သစ်ပင်အုပ်စုများတွင် နာတာရှည်ရောဂါများကြောင့် ဖြစ်ပေါ်သည့် ပျက်စီးယိုယွင်းမှုများကို ကာကွယ်တိုက်ခိုက်နိုင်ရန် အကူအညီပေးနိုင်သည့် ဓာတ်ပစ္စည်းများ များစွာပါဝင်သည်။ သစ်ပင်များတွင် ပါဝင်သော ဖိုက်တို ဓာတုပစ္စည်းများ (Phytochemicals) အုပ်စုကြီးတွင် ပါဝင်သော ဒြပ်ပေါင်း များသည် လွတ်လပ်သော အခြေခံဓာတုပစ္စည်း (Free Radicals) များ ကြောင့် ဆဲလ်ထဲတွင် ဖြစ်ပေါ်လာသော ပျက်စီးခြင်းများကို ကာကွယ်ပေး ခြင်းဖြင့် ရောဂါကိုတိုက်ခိုက်ရာတွင် အကူအညီပေးကြောင်း တွေ့ရှိရသည်။ နိစ္စဓူဝ စားသုံးရာတွင် အရောင်မျိုးစုံရှိသည့် ဟင်းသီးဟင်းရွက်အမျိုးမျိုး ပါဝင် အောင် ရွေးချယ်ခြင်းဖြင့် အစားအစာ အမျိုးစုံလင်စွာ စားသုံးသင့်ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

❒ **ကျောဖုံးမှ**

မြန်မာနိုင်ငံ အင်ဂျင်နီယာများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း တည်ဆောက်ရာတွင် အဓိက အရေးပါသော လမ်း၊ တံတားနှင့် ဆည်မြောင်း တာတမံများကို အလွန်တိုတောင်းသည့် ဆယ်စုနှစ်အတွင်း အင်တိုက်အားတိုက် ဖွဲလုံ့လစိုက်ထုတ်ပြီး ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် အရည်အသွေးမီ လမ်း၊ တံတားကြီးများ အစီအရီပေါ်ထွန်းလာသည့်အတွက် မြန်မာအင်ဂျင်နီယာများ၏ တည်ဆောက်မှုစွမ်းအားကို နိုင်ငံတကာက အသိအမှတ်ပြုခြင်းပင် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ကမကထပြုပြီး အာဆီယံ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကို ဒီဇင်ဘာလ၌ အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည်ဖြစ်ပြီး စီစဉ်ထားမှုနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက ကုန်သည်ကြီးများ ဟိုတယ်တွင် ကျင်းပခဲ့သည်။

အာဆီယံအင်ဂျင်နီယာအသင်းများအဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အခြေအနေနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားမှုကိုသိရှိနိုင်ရန် မြန်မာ့အလင်းအဖွဲ့က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှတာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ တွေ့ဆုံခွင့်ရသည့် ပုဂ္ဂိုလ်မှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဥက္ကဋ္ဌဒေါက်တာစိန်မြင့်ဖြစ်သည်။ ဒေါက်တာစိန်မြင့်က "အာဆီယံ အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်၏ ကွန်ဖရင့်ကို ၁၉၈၂ခုနှစ်လောက်က စပြီး နှစ်စဉ်

"သူများတစ်လှမ်း လှမ်းရင် ကိုယ်က ဆယ်လှမ်း လှမ်းနိုင်အောင် မျိုးဆက်သစ် လူငယ်များကို လက်တွဲခေါ်ယူပြီး ကြိုးစားရပါတယ်"။
(အင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌဦးသိန်းလွင်)

အလှည့်ကျ နိုင်ငံအလိုက်ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၀၃ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသော CAFEO -21 ကျင်းပပြီးတဲ့အချိန်မှစ၍ AFEO အလံကြီးနဲ့တကွ မြန်မာနိုင်ငံက လွှဲပြောင်းတာဝန်ယူရတဲ့အတွက် ကျွန်တော်က AFEOရဲ့ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရပါတယ်။ မြန်မာအင်ဂျင်နီယာအသင်း အနေဖြင့် ၂၀၀၀ ပြည့်နှစ် ဗီယက်နမ်နိုင်ငံတွင်ကျင်းပသော CAFEO-18 မှာ လေ့လာသူအဖြစ်သွားရောက်ခဲ့ပြီး အဲဒီနှစ်မှာပဲ Member အဖြစ် ဝင်ရောက်ခဲ့ပါတယ်။ ၂၀၀၁ခုနှစ်တွင် CAFEO-19 ကို ဘရူနိုင်းနိုင်ငံမှာ ကျင်းပခဲ့ပါတယ်။ ၂၀၀၂ခုနှစ် ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပသော CAFEO-20 ကျတော့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ဆည်/မြောင်းကဏ္ဍနှင့် ပတ်သက်ပြီး Distinguished Engineering Award ကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပါတယ်။ ၂၀၀၃ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပသော CAFEO-21မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကရရှိတဲ့ တံတားတည်ဆောက်မှုအပိုင်း ဖြစ်ပါတယ်။ အဲဒီမှာ ထူးထူးခြားခြားအဖြစ် အမျိုးသမီးအင်ဂျင်နီယာများ တည်ဆောက်ခဲ့တဲ့ ရဲနွယ်တံတားနဲ့ပတ်သက်ပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါတယ်။

မျိုးဆက်သစ်လူငယ်များနဲ့ပတ်သက်လို့ ကျွန်တော်တို့ အင်ဂျင်နီယာ အသင်းက နဂိုကတည်းက Young Engineer Group ဆိုပြီး ဖွဲ့ထားတာ ရှိပါတယ်။ CAFEO-22မှာ အလေ့အကျင့်ရဖို့ လူငယ် ၈၀ ကို လေ့ကျင့်ပေးနေပါတယ်။ အဲဒီထဲက ၃၀ သို့မဟုတ် ၄၀ ရွေးပြီး ကြိုဆိုနေရာချထားရေး၊ ပြန်ကြားရေး၊ ဧည့်ခံရေး၊ ဖိတ်ကြားရေးများမှာ အတွေ့အကြုံရအောင် သုံးသွားမှာဖြစ်ပါတယ်။ အဲဒီမှာ သူတို့ဘာသာ စာတမ်းဖတ်တာတွေ ရှိတယ်။ သူတို့တင်တဲ့စာတမ်းတွေကို ကျွန်တော်တို့ကကြည့်ရတယ်။ သူတို့တွေက နောင်တစ်ချိန်မှာ Senior Engineer များရဲ့နေရာကို အစားထိုးတာဝန်ယူရမှာဖြစ်လို့ ဂရုစိုက်ပြီး ဆောင်ရွက်ရပါတယ်။ ဒါကြောင့် လူငယ်များကို ကောင်းကောင်း လေ့ကျင့်ပေးရပါတယ်။ သူတို့ကို လေ့ကျင့်ပေးတဲ့အခါ ပညာရပ်တွင်မက အဘက်ဘက်ကပြည့်စုံနေအောင် Social, Culture, Dealing တွေပါ လေ့ကျင့်ပေးရပါတယ်။အင်ဒိုနီးရှားနိုင်ငံမှာကျင်းပတဲ့ CAFEO-21 ကစပြီး လူငယ်အင်ဂျင်နီယာတွေကို ကျွန်တော်တို့ခေါ်သွားတယ်။ အဲဒီမှာ Paper Section တွေမှာ ဝင်ထိုင်ပြီး လေ့လာစေပါတယ်။

CAFEO-22 ကို မြန်မာနိုင်ငံမှာ ကျင်းပနိုင်ရေးအတွက် အဖွဲ့များဖွဲ့စည်းပြီး ဖြစ်ပါတယ်။ အဖွဲ့ဦးဆောင်နာယကကတော့ နိုင်ငံတော်ဝန်ကြီးချုပ် ဖြစ်ပါတယ်"ဟူ၍ ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကျင်းပမည့် CAFEO-22 ကို အခြားနိုင်ငံများထက် မနိမ့်ကျအောင် ဆောင်ရွက်ဖို့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ CAFEO-22ကို နိုင်ငံတော်အပိုင်းကလည်း စိတ်ဝင်စားမှုရှိပြီး လိုအပ်သလို ပံ့ပိုးကူညီမည်ဖြစ်သည့်အတွက် အင်ဂျင်နီယာအဖွဲ့ဝင်များအားလုံး မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာပြသနိုင်ဖို့နှင့် နိုင်ငံတော်အပေါ်တာဝန်ကျေပွန်ဖို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်တို့ ဆက်သွယ်မှုသမိုင်းကြောင်း၊ အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်၏ (၂၂)ကြိမ်မြောက် ကွန်ဖရင့်ကျင်းပရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးသန်းမြင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဦးသန်းမြင့်က "မြန်မာအင်ဂျင်နီယာအသင်း နှစ်အတန်ကြာ တိမ်မြုပ်နေရာမှ နိုင်ငံ့အကြီးအကဲများရဲ့ အားပေးမှုကြောင့် ၁၉၉၅ခုနှစ်မှာ ပြန်လည်ဦးမော့လာခဲ့ပါတယ်။ အဲဒီကစပြီး အသင်းရဲ့လှုပ်ရှားမှုဟာ ယနေ့ CAFEO-22 ကို ကျင်းပနိုင်တဲ့အထိဖြစ်ပါတယ်။ ယခုဆိုရင် အသင်းဝင်ပေါင်း ၆၀၀၀ကျော် ရှိလာပြီဖြစ်ပါတယ်။ အသင်းရဲ့ထူးခြားချက်က အစိုးရဌာနများမှ ပညာရှင်များအဖွဲ့၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများမှ ပညာရှင်များအဖွဲ့နှင့် ပြင်ပလုပ်ငန်းရှင်များပါဝင်တဲ့အဖွဲ့ဆိုပြီး ဖွဲ့စည်းကာ တစ်ဖွဲ့လျှင် ၁၅ဦးစီ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းများလုပ်ကိုင်ရာ၌ တွင်ကျယ်မှုရှိအောင် လုပ်ငန်း ကော်မတီအလိုက် လေးခုခွဲထားပါတယ်။ ကော်မတီတစ်ခုချင်းအလိုက် အင်ဂျင်နီယာအသင်းအတွက် အကျိုးပြုမည့် အထောက်အကူပြု ဆပ်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် အာဆီယံနိုင်ငံများနှင့်ဆက်သွယ်ပြီး ကျွန်တော်တို့အင်ဂျင်နီယာများ အာဆီယံနိုင်ငံအတွင်းမှာ သွားလာနိုင်ဖို့ အသိအမှတ်ပြုတဲ့ ASEAN Engineer Register ကို တည်ထောင်ထားပါတယ်။ နိုင်ငံတကာကိုလဲ လေ့လာရေးနှင့် အလုပ်ရုံဆွေးနွေးပွဲများ စေလွှတ်ပေးပါတယ်။ ကျွန်တော်တို့ အသင်းအနေဖြင့် Professional Development များများဆောင်ရွက်ခဲ့ပါတယ်။ ဒီကွန်ဖရင့်မှာ စာတမ်းတင်သွင်းမှုအနေနဲ့ စာတမ်းပေါင်း ၂၀၀ကျော် အထိခန့်မှန်းထားရာ ယခုစာတမ်း ၄၀ ကျော်ရရှိနေပြီဖြစ်ပါတယ်။ CAFEO-22 တွင် ကျွန်တော်တို့နိုင်ငံက ဆောင်ရွက်ရမည့် စာတမ်းများအကြောင်းနဲ့ စပ်လျဉ်း၍ ရေးသားရမည့် ခေါင်းစဉ်များတပ်ပြီးဝန်ကြီးဌာနများ၊ တက္ကသိုလ်များနဲ့ အသင်းဝင်များကို ကမ်းလှမ်းထားပြီးဖြစ်ပါတယ်။ ပြည်ပနိုင်ငံများအတွက် စာတမ်းများကို ဇူလိုင် ၃၀ ရက်ဖြစ်ပြီး ပြည်တွင်းမှ စာတမ်းရှင်များကိုတော့ ဩဂုတ် ၃၀ ရက်အထိ ရက်တိုးပေးထားပါတယ်။ Registration Fees ကိုတော့ အင်ဂျင်နီယာအဖွဲ့ဝင်များကို မြန်မာကျပ်ငွေ တစ်သောင်းသတ်မှတ်ထားပြီး အသင်းမဝင်ရသေးသူများအတွက် ကျပ်ငွေတစ်သောင်းခွဲ သတ်မှတ်ထားပါတယ်။ ဒါ့ပြင် CAFEO-22 ၏ ပြပွဲကိုတော့ ကွန်ဖရင့်ပြုလုပ်တဲ့ ဆီဒိုးနားဟိုတယ်မှာဌာနဆိုင်ရာများက ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ ပြသပေးသွားမှာဖြစ်ပါတယ်။ ယခု CAFEO-22ကွန်ဖရင့် ကျင်းပရေးနဲ့စပ်လျဉ်းပြီး အင်တာနက်မှတစ်ဆင့်တင်ပြီးတော့ ထုတ်လွှင့်ကြေညာထားပါတယ်"ဟူ၍ မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းလွင်(စွမ်းအင်ဝန်ကြီးဌာန)က "ASEANမှာ နှစ်စဉ်အစည်းအဝေးသွားတက်ပါတယ်။ အဲလိုအစည်းအဝေးသွားတက်တဲ့အခါမှာ အဆောက်အအုံတွေနဲ့ပတ်သက်လို့ ဆုပေးပွဲတွေကို ညစာစားပွဲကျင်းပတဲ့အခါ ဆုချီးမြှင့်ပါတယ်။ အဲလိုချီးမြှင့်တဲ့အခါမှာ ကျွန်တော်တို့လူကြီးက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနဲ့ ဆောက်လုပ်ရေး ဝန်ကြီးဌာနတို့ပေါင်းစပ်ပြီး ဆုရအောင် ဆောင်ရွက်သင့်တယ်လို့ ပြောကြားခဲ့ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့ အင်ဂျင်နီယာများ ကြိုးစားမှုရဲ့ရလဒ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံမှာ ကျင်းပတဲ့ CAFEO-20ကစပြီး ဆည်မြောင်းနဲ့ပတ်သက်ပြီး စာတမ်းများတင်သွင်းလို့ ဆုချီးမြှင့်ခြင်း ရှိခဲ့ပါတယ်။ ကာလတိုအတွင်းမှာ ဆည်ကြီးများ ရာနဲ့ချီ တည်ဆောက်နိုင်တာကို ပထမတော့ မယုံကြည်နိုင်လောက်အောင်ဖြစ်ကြတယ်။ CAFEO-21 မှာလဲ တံတားတည်ဆောက်မှုနဲ့ပတ်သက်လို့ စာတမ်းတင်သွင်းခဲ့တဲ့အတွက် ဆုရရှိခဲ့ပြန်ပါတယ်။ ကျွန်တော်တို့က သူများတစ်လှမ်းလှမ်းရင် ဆယ်လှမ်းလောက်လှမ်းနိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အင်ဂျင်နီယာအသင်းအနေနဲ့ အဲဒီလိုလှမ်းတဲ့အခါ မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာများကို လက်တွဲခေါ်ယူပြီး ကြိုးစားရပါမယ်"ဟု ပြောကြားသွားသည်။

မြန်မာမျိုးဆက်သစ် လူငယ်အင်ဂျင်နီယာများကို အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာများနှင့်တန်းတူ ထက်မြက်သွက်လက်ပြီး အရည်အချင်းပြည့်ဝနေအောင် ဆောင်ရွက်ပေးရမည့်တာဝန်သည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီး၏ အဓိကရည်ရွယ်ချက်ပင်ဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံ၊ ဗဟုသုတ ရင့်ကျက်လာအောင် နည်းပညာရပ်များသာမက လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပေါင်းသင်းဆက်ဆံရေးပါ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသည် အာဆီယံအင်ဂျင်နီယာအသင်းများ အဖွဲ့ချုပ်သို့ ၂၀၀၀ပြည့်နှစ်တွင် ဝင်ရောက်ခဲ့ပြီး မိတ်ဆွေအာဆီယံအင်ဂျင်နီယာ နည်းတူ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် စွမ်းဆောင်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် CAFEO-22ကို ကြီးကျယ်ခမ်းနားစွာကျင်းပနိုင်ခြင်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းက အင်ဂျင်နီယာကဏ္ဍ၏ မျက်နှာစာသစ်တစ်ရပ်ကို ဖွင့်လှစ်လိုက်ခြင်းပင်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် အင်ဂျင်နီယာအခန်းကဏ္ဍသည် အထူးအရေးပါလှသည်။ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရန် အရှိန်ယူနေသော အင်ဂျင်နီယာအသင်းကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်အောင် နိုင်ငံတော်က အားပေးကူညီပျိုးထောင်ပေးလျက်ရှိသည်။ ယခုကဲ့သို့ နိုင်ငံတော်က အပြည့်အဝအားပေးကူညီနေသည့်အခါသမယတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကြီးကလည်း နိုင်ငံတော်၏ စေတနာ၊ မေတ္တာကိုနားလည်ပြီး နောင်မျိုးဆက်သစ်လူငယ်များ စိတ်ဓာတ်မြင့်မားပြီး အတုယူစရာဖြစ်အောင် ဆက်လက်ကြိုးစားဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၃–၇–၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၇:၂၅ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** အပိုင်း(၆)
၁၈:၃၀ ၁၀။ ညနေခင်းသတင်း
၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၂။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
၁၉:၁၅ ၁၃။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
၁၉:၃၀ ၁၄။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း–၄)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

နေနတ်သားစာသင်တိုက်၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၂

၁၃၆၆(၂၀၀၄)ခုနှစ် ဝါတွင်းကာလ ဝါဆိုဝါကပ်တော်မူကြမည့် နာယက၊ စာချ၊ စာသင်သံဃာတော်၁၂၆ပါးတို့အား (၄၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁ နာရီတွင် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

မွန်၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဇူလိုင် ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး မကွေးတိုင်း၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာခဲ့ကာ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အောက်၌ မုတ်သုံလေအား အသင့်အတင့်ရှိနေကြောင်း သိရသည်။

ဇူလိုင် ၁၃ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၂–၇–၂၀၀၄

မင်္ဂလာဒုံ	၀ ဒသမ ၃၅ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၇၅ လက်မ
ကမ္ဘာအေး	၁ ဒသမ ၁၉ လက်မ

မှတ်သားဖွယ်ရာမိုးရေချိန်များ

၁၁–၇–၂၀၀၄

မုဒုံမြို့	၅ ဒသမ ၀၄ လက်မ
ဝမြို့	၄ ဒသမ ၆၁ လက်မ
မော်လမြိုင်မြို့	၄ ဒသမ ၅၃ လက်မ
ရေးမြို့	၄ ဒသမ ၂၉ လက်မ
စစ်တွေမြို့	၄ ဒသမ ၀၉ လက်မ
ခန္တီးမြို့	၂ ဒသမ ၆၈ လက်မ

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

ချင်းတွင်းမြစ်နှင့် ရောမြစ်ရေ စိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၁၂

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၀၃ စင်တီမီတာသို့ ရောက်ရှိပြီး အဆိုပါမြစ်ရေသည်ယနေ့မွန်းတည့်မှနောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ရောဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ဇန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၁၁၈စင်တီမီတာနှင့် ၁၀၁၉ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည်ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာနှင့် ၁၀၄၀ စင်တီမီတာ အသီးသီးသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

✳ *ကျောဖုံးမှ*

အမျိုးသားစာပေဆုရ ကျော်စောဟန်၏ ရေမကွာ မြေမကွာ ပြည်ထောင်စုရွာ ကဗျာကိုဖတ်ရှုရင်း သွားလာဆက်သွယ်မှု အရေးပါမှုကို ဂရုပြုမိသည်။ တစ်နေရာနှင့် တစ်နေရာ၊ တစ်ဒေသနှင့် တစ်ဒေသ ဆက်သွယ်မှု လွယ်ကူပါက ထိတွေ့မှုများကာ ချစ်ကြည်ရင်းနှီးမှု ပိုစေသည်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ ပြည်နယ်၊ တိုင်းတစ်ခုနှင့်တစ်ခု ရေမခြား မြေမခြား သွားလာဆက်သွယ်နိုင်ပါက ထိတွေ့ဆက်ဆံမှု၊ ရောင်းဝယ်ဖောက်ကားမှုများ တိုးပွားကာ ကူးလူးဆက်သွယ်ချစ်ကြိုးသွယ်နိုင်ကြမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ကျေးလက်ဒေသမှထုတ်လုပ်သော ကုန်ပစ္စည်းများကို သက်ဆိုင်ရာမြို့ပေါ်ရှိ ဈေးကွက်များသို့ လွယ်လင့်တကူ ချောချောမောမောရောက်ရှိလာအောင် ကျေးရွာလမ်းများ ပြုပြင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးရွာနှင့် မြို့ဆက်သွယ်သည့် ယခင်ဒီစတြိတ်ကောင်စီလမ်းများကို ထိရောက်စွာ ပြုပြင်နိုင်ရေးအတွက် ပြန်လည်ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်မှသာ သွားလာရေး အဆင်ပြေ ချောမွေ့ပြီး ကျေးလက်ဒေသနေပြည်သူလူထုအများစု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းများ တိုးတက်လာမှာဖြစ်၍ ကျေးလက်ဒေသလမ်းများကို တစ်ဆင့်ပြီးတစ်ဆင့်စီမံချက်ချ၍ ပြုပြင်ပေးရန် အလေးထားရမည်”** ဖြစ်ကြောင်း ၁၉၉၅ ခုနှစ်က လမ်းညွှန်မှာကြားခဲ့သည်။

တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ လူဦးရေအများစုနေထိုင်သော ကျေးလက်သည် အခြေခံအကျဆုံးဖြစ်သည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှ မြို့ပြများ စည်ပင်လာမည်။ မြို့ပြစည်ပင်မှလည်း နိုင်ငံတော်ကြီး စည်ပင်ဖွံ့ဖြိုး ခေတ်မီတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရာတွင် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့်မြို့ပြဆက်သွယ်သည့်လမ်းများ၊ တံတားများ ကောင်းမွန်ချောမွေ့ရေးသည် အဓိကကျသည်။

၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ၃၈ မိုင် ၇ ဖာလုံ၊ ကျောက်လမ်း၊ ဂဝံလမ်း ၆၃မိုင် ၇ ဖာလုံပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ငွေကျပ် ၁၂၁၂ဒသမ ၃၀သန်း ကုန်ကျခဲ့သည်။ မြို့ပြတံတားများဖြစ်သော ကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့်အခြား ၂၁၀စင်း ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပြီး ငွေကျပ် ၁၃၅၂ ဒသမ ၄၉သန်း ကုန်ကျခဲ့သည်။ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကတ္တရာလမ်း၊ ကျောက်လမ်း၊ ဂဝံလမ်း အမာခံ အဆင့်မြှင့်ခြင်း ၉၄၅ မိုင်၊ လမ်းသစ်ဖောက်လုပ်ခြင်း ၁၅၁၂ မိုင် ၄ ဖာလုံ ဖောက်လုပ်ခဲ့ရာ ငွေကျပ် ၁၀၀၂ ဒသမ ၄၄၅ သန်း ကုန်ကျခဲ့သည်။ ကျေးလက်တံတားများဖြစ်သော ကွန်ကရစ်၊ သစ်သား၊ ရေပြွန်နှင့်အခြား ၄၇၃စင်း တည်ဆောက်နိုင်ခဲ့ရာ ငွေကျပ် ၁၀၀၃ ဒသမ ၄၀သန်း ကုန်ကျခဲ့သည်။

နယ်မြေစည်ပင်ဖွံ့ဖြိုးရေး

စည်ပင်သာယာရေးအဖွဲ့များသည် နယ်မြေစည်ပင်ဖွံ့ဖြိုးရေး၊ သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် အထူးဖွံ့ဖြိုးရေးဇုန်ကြီးများတွင် အသစ်တည်ဆောက်နေသော သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေစွာသွားရောက်နိုင်ရေးအတွက် အထူးတာဝန်အနေဖြင့် လမ်းများဖောက်ရသည်လည်း ရှိသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ကချင်ပြည်နယ်၊ မြစ်ကြီးနား ကွန်ပျူတာကောလိပ်မှ ပြည်ထောင်စုကျေးရွာ ဆက်သွယ်သော ကျေးလက်လမ်းကျောက်ချောခင်းခြင်း ၆ မိုင်၊ ကတ္တရာလမ်း အဆင့်မြှင့်ခြင်း ၁မိုင် ၂ ဒသမ ၆ ဖာလုံ၊ မိုးညှင်း ဒီဂရီကောလိပ်သွား ကျောက်ချောလမ်း ၁ မိုင် ၀ ဒသမ၂ ဖာလုံ၊ မိုးညှင်းစက်မှုသိပ္ပံသွား ကျောက်ချောလမ်း ၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့သည်။ မန္တလေးတိုင်း မြင်းခြံအစိုးရနည်းပညာကောလိပ်သွား ကျောက်ချောလမ်း ၁ မိုင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ကရင်ပြည်နယ် ဘားအံတက္ကသိုလ် အဝင်လမ်းမကြီး အရှည် ၂ ဒသမ ၅ ဖာလုံကို အကျယ် ၂၂ပေ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ ရွှေတောင်မြို့နယ် ရွှေနတ်တောင်-ကျီးသဲ ကတ္တရာ

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာကို ဖြတ်သန်းဖောက်လုပ်ထားသည့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချို ကားလမ်းဖောက်လုပ်ပြီးစီးမှုမြင်ကွင်း။ (ဓာတ်ပုံမှတ်တမ်း-နယ်စပ်/စည်ပင်)

လမ်း ၂ မိုင် ၆ ဖာလုံ ဖောက်လုပ်ခဲ့သည်။ မကွေးတိုင်း မကွေး ကွန်ပျူတာကောလိပ်အဝင် အမာခံလမ်း ၁မိုင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ ကျောက်ချောလမ်းခင်းခြင်း တစ်မိုင် ဆောင်ရွက်ပြီးစီးခဲ့သည်။

၁၉၉၇ခုနှစ်မှ စတင်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက **“မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရမည်”** ဟူသော ဆောင်ပုဒ်ချမှတ်၍ စည်ပင်သာယာရေးအဖွဲ့များသည် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ၁၉၉၈-၉၉ ခု၊ ဘဏ္ဍာရေးနှစ်ကို လမ်းတံတားနှစ်အဖြစ်လည်းကောင်း၊ ၁၉၉၉-၂၀၀၀ ပြည့် ဘဏ္ဍာရေးနှစ်ကို လမ်းတံတားနှင့် ရေပေးဝေရေးနှစ်အဖြစ် လည်းကောင်း သတ် မှတ်ဆောင်ရွက်ခဲ့သည်။

ပထမလုပ်ငန်းစဉ်

ကျေးလက်လမ်းများ ချောမွေ့ကောင်းမွန်ရေးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်အနက် ပထမလုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနသည် ကျေးလက်ဒေသလမ်းနှင့်တံတား ကောင်းမွန်တိုးတက်စေရန် ၂၀၀၁-၂၀၀၂ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုဘဏ္ဍာရေးနှစ်အထိ နှစ်၃၀စီမံကိန်းရေးဆွဲကာ ၅ နှစ်စီမံကိန်းခြောက်ကြိမ်ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပထမနှစ်ဖြစ်သော ၂၀၀၁-၂၀၀၂ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၄၅မိုင်၊ ကျောက်လမ်း ၃၄၅ မိုင်၊ ဂဝံလမ်း ၁၁၃ မိုင်၊ မြေသားလမ်း ၈၆၉ မိုင်၊ စုစုပေါင်း ၁၃၇၃ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

ဒုတိယနှစ်ဖြစ်သော ၂၀၀၂-၂၀၀၃ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၀၀ မိုင်၊ ကျောက်လမ်း ၄၄၄ မိုင်၊ ဂဝံလမ်း ၁၇၁ မိုင်၊ မြေသားလမ်း ၁၄၇၉ မိုင်၊ စုစုပေါင်း ၂၂၀၂ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

တတိယနှစ်ဖြစ်သော ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၃၈၄ မိုင်၊ ကျောက်လမ်း ၄၄၉ မိုင်၊ ဂဝံလမ်း ၁၂၁ မိုင်၊ မြေသားလမ်း ၁၅၁၂ မိုင်၊ စုစုပေါင်း ၂၄၆၆ မိုင် ဆောင်ရွက်နိုင်ခဲ့သည်။

မြို့ပြနှင့်ကျေးလက်လမ်းတံတား

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြနှင့်ကျေးလက်လမ်းတံတားများ ကောင်းမွန်ရေးအတွက် ၁၉၉၇-၉၈ခု ဘဏ္ဍာရေးနှစ်မှ ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာရေးနှစ်အထိ ခြောက်နှစ်တာကာလအတွင်းလည်း မြို့ပြလမ်း ၂၀၇၈မိုင် ၂ဖာလုံ၊ မြို့ပြတံတား ၁၂၄၂ စင်း၊ ကျေးလက်လမ်း ၆၅၁၀ မိုင် ၇ဖာလုံ၊ ကျေးလက်တံတား ၁၈၀၀ စင်း၊ စုစုပေါင်းလမ်းအရှည် ၈၅၈၉ မိုင် ၁ ဖာလုံ၊ တံတား ၃၀၄၂ စင်းကို အဆင့်မြှင့်တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။

အဆင့်မြှင့်တင်

ထို့အပြင် အထူးစီမံကိန်းများအနေဖြင့် ပဲခူးတိုင်း ကဝမြို့နယ်မှ ဆံတော်ရှင် စေတီများတည်ရှိရာ ကျိုက်ပဒိုင်-တာဝ-ဖလေး-ဓွဲကိုက် ကျေးရွာသို့ ဂဝံလမ်း အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့သည်။ သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းကို ဆက်သွယ်သော မင်းရွာ-ကျောင်းစု သစ်သားတံတား (၂၅၀ပေ x ၁၄ပေ x၁၆ပေ)ဆောက်လုပ်ပြီးစီးခဲ့သည်။ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် စိုက်ပျိုးရေးဇုန်အဝင် ကတ္တရာလမ်း ၅မိုင် ၂ဖာလုံ၊ မှော်ဘီ-ဆပ်သွားတော-ကြာကန်စု-လှည်းကူး-ငါးဆူတောင် ကတ္တရာလမ်း ၅မိုင် ၃ဖာလုံနှင့် ၃မိုင် ၆ဖာလုံ လမ်းနှစ်လမ်းဖောက်လုပ်ခဲ့သည်။ စည်ပင်သာယာရေး အဖွဲ့များသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြို့ရွာများ အမြန်ဖွံ့ဖြိုးတိုးတက်စေရန် လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းအတွက် စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၁၀၀၂ ဒသမ ၄၄၅သန်း အကုန်အကျခံပြီး တိုင်းရင်းသားပြည်သူများက ငွေကျပ် ၂၇ ဒသမ ၉၈၀ သန်း ပါဝင်ကာ နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၃၀၉၂ ဒသမ ၈၆ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပေသည်။

အကျိုးသက်ရောက်မှု

လက်ရှိမြန်မာနိုင်ငံတွင် လူဦးရေ ၅၃ သန်းကျော်ရှိရာ ကျေးလက်ဒေသတွင် နေထိုင်သော လူဦးရေမှာ ၃၆သန်းခန့် ရှိနေသည်။ စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်လမ်းများ ဖောက်လုပ်ပေးခြင်းဖြင့် ယခုအချိန်တွင် ကျေးလက်ပြည်သူ ၁၁ သန်းခန့်အတွက် အကျိုးသက်ရောက်မှု ရှိနေပြီဖြစ်သည်။

ကျေးလက်ဒေသလမ်းများကို စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာများလုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေးကောင်းမွန်လာသည့်အပြင် ဒေသမှစိုက်ပျိုးထားသော သီးနှံများ၊ မွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသော အသား၊ ငါးများကို မြို့ပြဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ကူးလူးဆက်သွယ်

စည်ပင်သာယာရေးအဖွဲ့အစည်းများသည် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးစည်ပင်ရေးအတွက် လမ်းတံတားများကို အစွမ်းကုန် ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိရာ သွားရေးကသာ၊ လာရေးကဖြောင့်ပြီး ကူးလူးဆက်သွယ် ချစ်ကြိုးသွယ်နိုင်ကြပြီဖြစ်သည်။

ကျေးရွာချင်းဆက် ကျေးလက်လမ်းများ၊ မြို့နယ်ပတ်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ ခရိုင်ပတ်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ကွန်ရက်ပမာ ပေါ်ပေါက်လာ၍ တစ်ရွာနှင့်တစ်ရွာ၊ တစ်နေရာနှင့် တစ်နေရာ၊ တစ်မြို့နှင့်တစ်မြို့ သွားလာဆက်သွယ်မှုများ လွယ်ကူအဆင်ပြေကာ စိတ်သွားတိုင်းကိုယ်ပါ လိုရာခရီးကို အချိန်တိုအတွင်းရောက်ရှိနိုင်ပြီဖြစ်သဖြင့် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှမတူ မြန်မာ့ကျေးလက်များသည် ရေမခြား မြေမခြား ပြည်သူများ ချစ်ကြည်ရင်းနှီးသွေးစည်းကာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပေသည်။ ။ **(မြန်မာ့အလင်း)**

လယ်ယာ/ဆည်မြောင်းဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင် တန့်ယန်းဒေသ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး ပန်းတိုင်သစ် စီမံကိန်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၂

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဝင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးပန်းတိုင်သစ် စီမံကိန်းအဖွဲ့ ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် အဖွဲ့ဝင်ကိုယ်စားလှယ်များ၊ ပြည်နယ်မှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင်၁၀ရက်က တန့်ယန်းမြို့နယ် ဟိုယောင်းကျေးရွာသို့ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးစရိတ်အတွက် ငွေကျပ် ၁၁ သိန်း၊ လက်ဖက်နှင့် ကော်ဖီပျိုးပင်များ ဟင်းသီးဟင်းရွက်မျိုးစေ့များကို ဒေသခံတောင်သူများသို့ ဗဟိုအဖွဲ့ဝင်နှင့်အတူ တာဝန်ရှိသူများက ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဟိုယောင်း၊ မိုင်းကောင်နှင့် နားကော် ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်းရှစ်ရွာမှ တိုင်းရင်းသားများနှင့် တန့်ယန်းတပ်နယ်မှူး ဗိုလ်မှူးကြီး ခင်မောင်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အထူးအောင်မြင်

ယင်းနောက် ဗိုလ်မှူးချုပ်ခင်မောင်နှင့်အဖွဲ့သည် ‘ဝ’အထူးဒေသနှင့် တန့်ယန်းမြို့နယ်ရှိ ဟုန်ပန်း ကုမ္ပဏီစိုက်ပျိုးရေးခြံသို့ ရောက်ရှိပြီး တာဝန်ခံဦးအေးသိန်းက လိုက်လံရှင်းလင်းပြသရာ စီမံကိန်းခြံတွင်ကော်ဖီဧက ၂၂၀၊ ပျားလိမ္မော်ဧက ၇၀၊ မက္ကဒေးမီးယားဧက ၆၀၀၀နှင့် အူလုံလက်ဖက်ဧက ၁၂၀၀တို့ကို စိုက်ပျိုးလျက်ရှိရာ အထူးအောင်မြင်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံသံတမန်သင်တန်း၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော အခြေခံ သံတမန်ကျွမ်းကျင်မှု အမှတ်စဉ် (၅) နံနက်ပိုင်းသင်တန်းသား သင်တန်းသူများ၏ ပဉ္စမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)နံနက်၈နာရီမှ မွန်းတည့် ၁၂ နာရီ အထိဟိတကာရီ (သွေးဆေးကန်ကျောင်းတိုက်) ရေတာရှည်လမ်းသစ် ဗဟန်း မြို့နယ်တွင်ကျင်းပမည်ဖြစ်ရာ သင်တန်းသူ၊ သင်တန်းသားများအားလုံး ဖိတ်စာ ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြား ထားပြီး ဖုန်း-၂၂၇၇၄၃သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဇူလိုင်၁၀ရက်က ကျင်းပသည့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲပွဲစဉ် ပထမရရှိသည့် ဦးအေးကျော်နှင့် ဦးတင်နိုင်ဝင်းတို့အား အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/ အခွန်အသင်းက စွမ်းအင်ကို အနိုင်ရဗိုလ်စွဲ

သတင်းဆောင်းပါး-ကိုထွေး၊ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက စွမ်းအင်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဘဏ္ဍာ/အခွန်ခြေသာ

ပထမအပိုင်းတွင် နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားရာ အကြိတ်အနယ်ရှိခဲ့ပြီး ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းက ခြေအသာစီးမှ ကစားနိုင်ပြီး စွမ်းအင်အသင်း ကွင်းတစ်ဝက်ကို ဖိကစားနိုင်ခဲ့သည်။ စွမ်းအင်အသင်းနောက်တန်းလူများ တည်တည်ငြိမ်ငြိမ်ဖြင့် ဟန့်တားနိုင်သဖြင့် ဘဏ္ဍာ/အခွန်အသင်း ဂိုးသွင်းခွင့် ပိုင်ပိုင်နိုင်နိုင် မရခဲ့ချေ။

စွမ်းအင်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် တစ်ချီတစ်ချီထိုးဖောက်ကစားရာ ဘဏ္ဍာ/အခွန်နောက်တန်းလူများ အလူးအလဲ ဖျက်ထုတ်ကာကွယ်ခဲ့ရသည်။ ဘဏ္ဍာ/အခွန်နောက်တန်းလူ မိုးကျော်သူက ဘောလုံးမြောက်နေစဉ် ခေါင်းခုန်တိုက်ရာ စွမ်းအင်အသင်း အလယ်တန်းလူက ခြေထောက်ဖြင့် ကန်သဖြင့် ခေါင်းကွဲသွားသည်။ မိုးကျော်သူအား ဆေးဘက်ဆိုင်ရာများက ပတ်တီးစည်းပေးရာ ခေါင်းကွဲဒဏ်ရာဖြင့် ပွဲပြီးသည်အထိ ကစားသွားသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားအားတင်ကစားရာပွဲမှာအကြိတ်အနယ်ပိုရှိလာသည်။ ဘဏ္ဍာ/အခွန်အသင်းနှင့် စွမ်းအင်အသင်းတို့ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ရရှိခဲ့ကြသော်လည်း ဂိုးဝင်အောင် မသွင်းနိုင်ခဲ့ပေ။ စွမ်းအင်အသင်းမှ ကန်သွင်းသော ဘောလုံးကို ဂိုးသမား အောင်အောင်ဦး ဖမ်းမမိဘဲ ဂိုးဝင်လုဝင်ဆဲတွင် စိုးမြတ်မင်း ခေါင်းတိုက်ဖျက်ထုတ်နိုင်၍ စွမ်းအင်ကံခေခဲ့ရသည်။

ဝင်းအောင်ဝင်လာပြီးနောက် ဘဏ္ဍာ/အခွန်အသင်းက အမြင့်ဘောများဖြင့် ဝင်းအောင်ခေါင်းတိုက် ဂိုးသွင်းနိုင်ရန် ဖန်တီးပေးသော်လည်း စွမ်းအင်နောက်တန်းက အကြောသိနေ၍ ဖျက်ထုတ်နိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းက အဝါကတ်ထိထားသော ရန်ပိုင်အစား ကျော်သူရကို လူစားလဲပြီး တိုက်စစ်အား မြှင့်တင်ခဲ့သည်။ စွမ်းအင်အသင်းကလည်း အသင်းခေါင်းဆောင် အေးမင်းထွန်းအစားမျိုးဇော်ဦး၊ ကျော်မျိုးဟန်အစား ဇော်မင်း၊ အောင်ကျော်မိုးအစား နှင်းဝေတို့ကို လူစားလဲကစားသည်။ စွမ်းအင်အသင်း လူစားလဲ မှန်ကန်မှုကြောင့် ကစားအားမကျဘဲ ဘဏ္ဍာ/အခွန်အသင်းကို သူတင် ကိုယ်တင်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်း ပြီးဆုံးသည်အထိ ဂိုးမသွင်းနိုင်၍ အချိန်ပိုသို့ ခရီးဆက်ခဲ့ရသည်။

ပယ်နယ်တီကန်

အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားရာ၌လည်း ဂိုးမရှိသရေဖြစ်နေ၍ ပယ်နယ်တီငါးလုံးစီ ကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့သည်။ ပယ်နယ်တီကန်သွင်းရာတွင် ဘဏ္ဍာ/အခွန်အသင်းမှ စိုးလင်းထွန်း၊ စိုးမြတ်မင်းနှင့် ကျော်သူရတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ထွန်းထွန်းဝင်းနှင့် အောင်ကျော်မိုးတို့၏ ကန်သွင်းမှုကို စွမ်းအင်ဂိုးသမား ကျော်မင်းလှိုင် ပုတ်ထုတ် ကာကွယ်နိုင်ခဲ့သည်။

စွမ်းအင်အသင်းမှ ဇော်ထက်အောင်နှင့် နှင်းဝေတို့ကန်သွင်းသော ဘောလုံးများဂိုးဝင်ပြီး မင်းမင်းထွန်းနှင့် နိုင်ဝင်းတို့ ကန်သွင်းမှုကို ဂိုးသမားအောင်အောင်ဦး ကာကွယ်နိုင်ခဲ့သည်။ ကျော်ခိုင်ဝင်းကန်သွင်းသော ဘောလုံး ဂိုးဘားတန်းထိပြီး ထွက်သွားသည်။ ပယ်နယ်တီငါးလုံးစီ ကန်သွင်းရာတွင် ဘဏ္ဍာ/အခွန်က သုံးဂိုးဝင်ပြီး စွမ်းအင်အသင်းက နှစ်ဂိုးသာဝင်သဖြင့် ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

ဆုပေးပွဲကျင်းပ

ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသော စွမ်းအင်အသင်းအား တစ်ဦးချင်းဆုနှင့် ဆုငွေကျပ်သိန်း ၂၀ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပထမဆုရရှိသော ဘဏ္ဍာ/အခွန်အသင်းအား တစ်ဦးချင်းဆု၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ဆုငွေကျပ်သိန်း ၃၀ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က ပေးအပ်ချီးမြှင့်သည်။

ပွဲအပြီးပြောကြား

ဆုပေးပွဲ အခမ်းအနားအပြီးတွင် ပထမဆုရရှိသွားသော ဘဏ္ဍာ/အခွန်အသင်းနှင့် ဒုတိယဆုရရှိသွားသော စွမ်းအင်အသင်းတို့မှ တာဝန်ရှိသူများနှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။ ရှေးဦးစွာ ဘဏ္ဍာ/အခွန်ဘောလုံးအသင်း ဆပ်ကော်မတီဥက္ကဋ္ဌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းအား မေးမြန်းရာ "ယခုလိုအဆင့်မြင့်တန်းအသင်းများ ကြိုးစားကစားလာသည့်အတွက် ပွဲကောင်းများဖြစ်လာကြောင်း၊ ယခင်လို ချန်ပီယံဆုကို လွယ်လွယ်ကူကူနှင့် မရနိုင်တော့ဘဲ တစ်ချက်အမှားမခံသည့် အနေအထားဖြစ်ကြောင်း၊ ဘောလုံးအားကစားသမားများနှင့် ဒိုင်လူကြီးများအားလုံး သန့်သန့်ရှင်းရှင်း အားကစားစိတ်ဓာတ်ပြည့်ဝစွာ ယှဉ်ပြိုင်ကစားခဲ့သည်ကို တွေ့ရကြောင်း" ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာ/အခွန်အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်အား မေးမြန်းရာ "နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြ၍ ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိမိတို့ ဘဏ္ဍာ/အခွန်အသင်းအနေဖြင့် အသန့်ရှင်းဆုံးကစားပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်သင်းစလုံး ဂိုးကံခေခဲ့ကြကြောင်း၊ မိမိတို့အသင်းခြေထဲ၌ ဘောလုံးများများရှိခဲ့သော်လည်း ဂိုးရနိုင်သည့် အခွင့်အရေးမှာ အတူတူသာရှိခဲ့ကြောင်း" ပြောကြားသည်။

ထို့နောက် နည်းပြချုပ် ဦးမြင့်ကြူးကိုယ်စား လက်ထောက်နည်းပြ ဦးတင်မြင့်အောင်အား မေးမြန်းရာ "ယနေ့ပွဲသည် ပွဲကောင်းတစ်ပွဲဖြစ်ပါကြောင်း၊ မိမိတို့ ဂိုးသွင်းခွင့်များရသော်လည်း ကစားသမားများ အဆုံးသတ်ပိုင်း မပီပြင်ခဲ့ကြောင်း၊ ယခင်ပွဲများအတိုင်း ၄-၁-၃-၂ ပုံစံ လူနေရာချထားမှုဖြင့် ကစားခဲ့ကြောင်း၊ မျိုးလှိုင်ဝင်းကစားအား ကျဆင်းသွား၍ ဝင်းအောင်နှင့်လူစားလဲခဲ့ရကြောင်း၊ ဝင်းအောင်နှင့် မျိုးလှိုင်ဝင်းကို ယခင်လိုတွဲကစားစေရန် မဖြစ်နိုင်တော့ကြောင်း၊ မျိုးလှိုင်ဝင်းနှင့် ဝင်းအောင်တို့ ယခင်လိုကစားအားမျိုး မရှိတော့ကြောင်း"ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် ပယ်နယ်တီနှစ်လုံး ကာကွယ်ပေးခဲ့သည့် ဂိုးသမားအောင်အောင်ဦးအားမေးမြန်းရာတွင် "မိမိစိတ်ထဲ၌ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရမည်ဆိုသောအခါ နိုင်မည်ဟု ယုံကြည်ခဲ့ကြောင်း၊ ကံတရားက မိမိတို့ဘက်၌ရှိခဲ့ကြောင်း၊ ယခုလို မိမိ ပယ်နယ်တီကာကွယ်နိုင်ခဲ့ခြင်းကြောင့် ကွင်းပိတ်ပွဲကအမှားကို ချေဖျက်နိုင်ခဲ့ပြီဟု ခံစားရကြောင်း" ပြောကြားသည်။

ထို့နောက် စွမ်းအင်အသင်းအုပ်ချုပ်သူ ဦးမြင့်ဌေး(ညွှန်ကြားရေးမှူး၊ ကမ်းလွန်)အားမေးမြန်းရာ "နှစ်သင်းစလုံး ကြိုးစားကစားခဲ့ကြကြောင်း၊ ပယ်နယ်တီဖြင့် ဆုံးဖြတ်ရသည့်အခါ မိမိတို့ ကံမလိုက်ခဲ့ကြောင်း၊ အမှတ်ပေးပြိုင်ပွဲအတွက် လိုအပ်ချက်များကိုပြင်ဆင်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

စွမ်းအင်အသင်းနည်းပြ ဦးမျိုးဝင်းကလည်း "မိမိတို့ ကစားသမားများအထူးကြိုးစားကစားခဲ့ကြကြောင်း၊ သို့သော် မိမိတို့ ကံမကောင်းခဲ့ကြောင်း၊ မိမိတို့လူစားလဲမှု အပိုင်း၌ အမှားအယွင်းမရှိပါကြောင်း၊ ပယ်နယ်တီကန်မည့်သူများကိုနည်းပြဆရာများ တိုင်ပင်ပြီး ရွေးချယ်ခဲ့ကြောင်း၊ ထရိန်နင်၌ ပယ်နယ်တီကန်သွင်းမှုကို ပုံမှန်လေ့ကျင့်ခဲ့ကြောင်း" ပြောကြားသည်။ ။ **(မြန်မာ့အလင်း)**

ဘဏ္ဍာ/အခွန်က စွမ်းအင်ကို အနိုင်ရရှိပြီးနောက် ပယ်နယ်တီနှစ်ဂိုး ကာကွယ်ပေးခဲ့သည့် ဘဏ္ဍာ/အခွန် အသင်းမှ ဂိုးသမားအောင်အောင်ဦးအား ကစားဖော်များက ဤသို့ ကိုင်မြှောက်ဂုဏ်ပြုခဲ့ကြသည်။ (မြန်မာ့အလင်း)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံပြီး သတင်းမီဒီယာအချို့က မြန်မာနိုင်ငံအပေါ် စွပ်စွဲပြောဆိုမှုများ လုံးဝမှန်ကန်မှုမရှိကြောင်း အတိအလင်းပြောကြား

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းသည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးမစ္စတာဗီယိုဆို ပရိုဂျိုဝါလ်စီတိုအား ယနေ့မွန်းလွဲ ၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး ယမန်နေ့တွင် သတင်းမီဒီယာချို့က ရန်ကုန်မြို့ရှိ အင်ဒိုနီးရှားသမ္မတနိုင်ငံသံရုံး၏ သံအမတ်ကြီးရုံးခန်း၌ အသံဖမ်းကိရိယာတွေ့ရှိခဲ့ကြောင်းဖော်ပြကာ မြန်မာနိုင်ငံအပေါ်စွပ်စွဲပြောဆိုမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဤစွပ်စွဲချက်မှာ လုံးဝမှန်ကန်မှုမရှိကြောင်းကို အတိအလင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် ဆက်ဆံရေးအလွန်ကောင်းမွန်သောနိုင်ငံများဖြစ်သည့်အတွက် ဤသို့လုပ်ဆောင်ရန် အကြောင်းမရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါလုပ်ရပ်မျိုး မည်သည့်သံရုံးကိုမျှမလုပ်ပါကြောင်း၊ မြန်မာနိုင်ငံ သိက္ခာကျစေရန်နှင့် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံချစ်ကြည်ရေး ထိပါးစေရန် ရည်ရွယ်ချက်နှင့် ဤသို့ စွပ်စွဲခြင်းသာဖြစ်ပါကြောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံအနေဖြင့် ဤမဟုတ်မမှန်သော မီဒီယာသတင်းများ ပပျောက်သွားစေရန် ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန တက်မကိုင်မွမ်းမံသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနဝန်ထမ်းများ အရည်အသွေးမြင့်မားရေးကိုရည်ရွယ်၍ တက်မကိုင်မွမ်းမံသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် သံလျှက်စွန်းရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန သင်တန်းခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

သင်တန်းဖွင့်ပွဲသို့ စွမ်းအင်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရေနံသယ်ပို့ဌာနမှဌာနမှူးများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တပတ်လေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၂၉ဦး တက်ရောက်ကြသည်။

၂၀၀၂-၂၀၀၃ခုနှစ်အတွင်း ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ သင်္ဘောသားနှင့် ဒုတိယဆီလောင်းများအား မွမ်းမံသင်တန်း လေးကြိမ်ဖွင့်လှစ် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယင်းသင်တန်းသားများထဲမှ ထူးချွန်သူများအား ရွေးချယ်ကာ တက်မကိုင်မွမ်းမံသင်တန်းကို အဆင့်မြင့်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဏာမမြန်မာ့လက်ရွေးစင်နှင့် ညွန့်ပေါင်းလက်ရွေးစင်ခြေစမ်းပွဲ

ရန်ကုန် ဇူလိုင် ၁၂

ဗီယက်နမ်နိုင်ငံ၌ လာမည့်ဩဂုတ်လအတွင်း ကျင်းပမည့် အယ်လ်ဂျီဖလား (LG-Cup) ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင် လေ့ကျင့်လျက်ရှိသော ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် ညွန့်ပေါင်း လက်ရွေးစင် ဘောလုံးအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်နှင့် ၁၇ ရက် ညနေ ၄ နာရီ၌ အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

စာပေနှင့်စာနယ်ဇင်း ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၇ရက် မွန်းလွဲ ၁နာရီက ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်/သံခန်းမတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြိုးညိုက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကိုမြို့နယ် စာပေနှင့်စာနယ်ဇင်းဥက္ကဋ္ဌဦးအုန်း (မောင်မောင်အုန်း-လယ်ဝေး)က ရှင်းလင်းတင်ပြသည်။

(မြို့နယ်ပြန်/ဆက်)

NEW MOTION TRAVELS CO., LTD.
July: 16/29, Aug: 12/26
The Hotel @ Tharabar Gate
Ph: 725 799, 537 024
The Hotel @ Tharabar Gate
Bagan, Myanmar

ကမာရွတ်မြို့နယ် အမက(၂) ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၈ နာရီက ကျင်းပရာ ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌဦးမြငွေ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများသည် ကျောင်းဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးခြင်း၊ ပေါင်းသင်ခြင်းနှင့် သစ်ပင်၊ ပန်းပင်များ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုစုပေါင်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

THREE FRIENDS CO., LTD
CONSTRUCTION & DECORATION
- Modern Furniture
- Fiber Glass Doors
(PAE, Supervision)
44A (1) Ph : 01-201121, 294864, 09-80-34431

International Beverages Trading Co., Ltd
Tel : 95-1-662512, 244795, 651741 Fax : 95-1-663675

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃ခ/၆၇၄၀ မော်တော်ယာဉ်ရှိသူ မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူပျောက်ဆုံးထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညနခရိုင်ရုံး(သရက်)သို့ လာရောက် ဆက်သွယ်ပါရန်။ **ကညနခရိုင်(သရက်)**

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး မတင်တင်အေး MKA-၁၁၅၀၈၀ သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင်-ဦးမောင်ထွန်း
၁/မကန(နိုင်)၀၂၈၁၅၀
မိခင်-ဒေါ်အုံးမြ
၁/မကန(နိုင်)၀၂၈၁၅၁

ဒီမြန်မာသက်နိုးထိုက်
THE PARTNERSHIP ACT

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ရန်ကုန်တိုင်းတရားရုံး၊တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး၊၂၀၀၄ခုနှစ်၊တရားမဇာရီမှုအမှတ်-၂၃၆

၁။ ဒေါ်လှခိုင်	သစ္စာပန်းခင်းအထွေထွေဝန်ဆောင်မှု
၂။ ဒေါ်မေသင်းခိုင်	ကုမ္ပဏီလီမိတက်
၃။ ဦးမျိုးကြည် နှင့်	အမှတ်-၃၉၊တက္ကသိုလ်ရိပ်သာလမ်း၊
၄။ ဒေါ်စံလှဖြူ	ရွှေတောင်ကြား(၁)ရပ်ကွက်၊
အမှတ်-၇၀ အေ၊အခန်း-၂/ဘီ၊	ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ကမ္ဘာအေးဘုရားလမ်း၊	
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။	
၅။ ဒေါ်သီဂီစိုး	
၆။ ဒေါ်မာလာစိုး	
အမှတ်-၁၇၅၊ အခန်း-၅အေ၊	
၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊	
ရန်ကုန်မြို့။	
(တရားနိုင်များ)	**(တရားရှုံး)**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၃၄၄/၂၀၀၄အမှုတွင် ရရှိခဲ့သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သော ပစ္စည်းကို ၂၀၀၄ခုနှစ် ဩဂုတ်လ ၁၆ရက်နေ့ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲ ဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်းကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်များက တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချခြင်း မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ ကျန်ငွေများကို လေလံတင်ရောင်းချသည့် နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကြေပေးသွင်းရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင်ပေးရမည်။

၆။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၃၉ ဟု ခေါ်တွင်သော သုံးထပ်တိုက်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(ယင်းမြေနှင့်တိုက်တွင် တရားရှုံး သစ္စာပန်းခင်း အထွေထွေဝန်ဆောင်မှုလုပ်ငန်းပိုင်ရှင် အုပ်ချုပ်မှုဒါရိုက်တာ ဦးသိန်းဦးနှင့် ဒါရိုက်တာ ဒေါ်ခင်ခင်စိန်မိသားစုက နေထိုင်ပြီး ၎င်းတရားရှုံးလက်ဝယ်တွင်ရှိပါသည်။)

ကြမ်းခင်းဈေး ကျပ်သိန်း(၁၀၀၀)

၂၀၀၄ခုနှစ် ဇူလိုင်လ ၈ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြေညာထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး-၉၊ ရန်ကုန်တိုင်းတရားရုံး။

THAMES
Management Centre
General Business Management Course
Diploma in Business Administration

နိုင်ငံခြားစံချိန်မီ ခရိုမီယမ် ချိမ်ပေးနေပြီ

ပလတ်စတစ်မိုနှင့်ဒိုင်များ၊ ပလတ်စတစ်အိတ်ဆွဲခေါင်းများ၊ ပလတ်စတစ်ပုံနှိပ်ကြေးလုံးများ၊ လွန်သွားအမျိုးမျိုး၊ ဆူးသွား၊ ဖြတ်သွားများ၊ လိုင်နာပစ်စတင်ကွင်းများ၊ ပွန်းစားသွားသောကရိုင်းရှပ်များ၊ ပစ်စတင်ပင်များ၊ ဂန်ဂျီပင်များ၊ ဟိုက်ဒရောလစ်ရှပ်များ၊ စခရူပန့်များ၊ ဟိုက်ဒရောလစ်ပန့်များ စသည့်တန်ဖိုးကြီးစက်အစိတ်အပိုင်းများအား နိုင်ငံခြားမှာစရာမလို မူလအခြေအနေအတိုင်း စွမ်းအားပြည့်အသုံးပြုနိုင်ရန် အာမခံဖြင့် ပြုပြင်ပေးနေပါပြီ။ အလွှာတင်ထားသော ခရိုမီယမ်အသားလွှာအား အပူချိန် ၁၈၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူပေးပြီး ထုရိုက်စမ်းသပ်နိုင်သည်။

KME Engineering Group

အမှတ် ၅၅၀၊ ရေလမ်း၊ ဇုန်(၅)၊ လှိုင်သာယာ၊ ဖုန်း-၅၂၇၀၁၉၊ ၀၉-၅၀ ၁၄၈၂၇

ယခုအပတ် မြန်မာဗီဒီယို ၁၁ကား ဖြန့်ချိပြသ

မောင်ဆွေထွန်း

ရန်ကုန် ဇူလိုင် ၁၂

ဇူလိုင်၁၂ရက် တနင်္လာနေ့မှစ၍ မြန်မာဗီဒီယို ၁၁ ကား ဖြန့်ချိပြသခွင့် ရရှိရာ ဟာသ၊ အချစ်နှင့် ကာတွန်း ဇာတ်ကားများပါဝင်သည်ကို တွေ့ရသည်။

ကြောင်ကမ္ဘာဗီဒီယိုမှ လွင်မိုး၊ နန္ဒာလှိုင်တို့ပါဝင်သော **“ချစ်သောပုဂံ နေ့ရက်များ”**။ ဇမ္ဗူ့တလူမှဒါရိုက်တာ ဥက္ကာဗိုလ် ရိုက်ကူးပြီး ရာဇာနေဝင်း နှစ်ကိုယ်ခွဲ၊ ဆုပန်ထွာ၊ ပုလဲဝင်း၊ ပွင့်တို့ပါဝင်သော **“ရာဇာတာတီး”**၊ မျက်ခြယ်မှ ဒါရိုက်တာ ဟိန်းစိုး ရိုက်ကူးပြီး လူမင်း၊ ထက်ထက်မိုးဦးတို့ ပါဝင်သော **“မြင်းမိုရ်တို့၏ အတ္တ”**၊ ပုံတောင်မြေမှ ဒါရိုက်တာဝေမှိုင်းညို၏ **“ဘုံမြင့်စံ သမိန်ပေါသွပ်”** ကာတွန်းဇာတ်လမ်း။

မဏိရွှေစင်မှ ဝေဠုကျော်၊ ခိုင်နှင်းဝေတို့ ပါဝင်သော **“ရဲသုံးဖော်နှင့် ပြောက်ကျားဗိုလ်”**၊ စနိုးဝိုက်မှ ဒါရိုက်တာ မောင်မောင်ဦး ရိုက်ကူးပြီး နိုင်းနိုင်း၊ နန္ဒာလှိုင်တို့ ပါဝင်သော **“နန်းထိုက်တဲ့ပန်း”**၊ မျက်ခြယ်မှ ဒါရိုက်တာဒေါနရိုက်ကူးပြီး မိုးဒီ၊ မြို့တော်ချစ်ဖွယ်၊ မိုးပြည့်ပြည့်မောင်တို့ ပါဝင်သော**“ဒေဝါ”**၊ ပြည့်ရှင်အောင်မှ ဒါရိုက်တာသခ် ရိုက်ကူးပြီး ရန်ကျော်၊ စိမ့်စိမ့်သူတို့ ပါဝင်သော **“သာစုကမ်း ခြေလွမ်းဖွယ်စေ”**။

ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ မဟာ ရိုက်ကူးပြီး ကျော်ထူး၊ချစ်စရာ၊ အာကာ မြင့်အောင်တို့ ပါဝင်သော **“လူပုလေးများနှင့် ရွှေအိုးအရုပ်တော်ပုံ”**၊ လပ်ကီးဆဲဗင်းမှဒါရိုက်တာ ရဲမင်းပိုင်၊ အောင်ပိုင်၊ ဝင်းဝင်းမော်တို့ပါဝင်သော **“ငဆောင်းနဲ့ငဒေါင်း”**၊ ရွှေမင်းသားဗီဒီယိုမှဒါရိုက်တာသပြားသု ရိုက်ကူးပြီး ခင်လှိုင်၊ မင်းသစ္စာ၊ မိုးပြည့်ပြည့် မောင်တို့ ပါဝင်သော **“ရွှေမင်းသား ဘယ်သူလဲ”** ဇာတ်ကားများတစ်ပတ်အတွင်း ဖြန့်ချိပြသမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ဇမ္ဗူ့တလူဗီဒီယိုမှ ကိုခင်ငြေး ဇာတ်ညွှန်းကို ဥက္ကာဗိုလ်ရိုက်ကူးသည့် “ရာဇာတာတီး” ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ပွင့်တို့၏ သရုပ်ဆောင်ဟန်။

“မယ့်ကိုယ်စား မွေးမြလေသလား” ဗီဒီယို ဇာတ်ကားမှ မင်း မော် ကွန်း နှင့် ခိုင်သင်းကြည်။

ရှမ်းလေးဗီဒီယိုမှ ဒါရိုက်တာ မဟာ ရိုက်ကူးသည့် “လူပုကလေးများနှင့်ရွှေအိုး အရုပ်တော်ပုံ” ဇာတ်ကားမှဇာတ်ဝင်ခန်း။

ဗီဒီစီအချပ်များ ဈေးနှုန်း သတ်မှတ်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့၏ အစီအစဉ်ဖြင့် ဇူလိုင် ၁၂ရက်မှစ၍ မြန်မာဗီဒီယို အချပ်များဖြန့်ချိရောင်းချသူများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဗီဒီစီအချပ်များ ရောင်းချသည့် ဈေးနှုန်းကို ပြောင်းလဲသတ်မှတ်လိုက်သည်။

ယခင်ကတစ်ချပ်ကျပ် ၁၃၀၀၊ သုံးချပ်အထက် ကျပ် ၁၁၀၀ ရောင်းချနေရာမှ ယခုအခါ တစ်ပြေးညီ တစ်ချပ် ကျပ် ၉၀၀နှုန်းဖြင့် အရေအတွက် မည်မျှဖြစ်စေ ဖြန့်ချိဝယ်ယူနိုင်ကြမည်ဖြစ်သည်။ နယ်ကိုယ်စားလှယ်များအတွက်တစ်ချပ် ကျပ် ၈၀၀နှုန်းဖြင့် ဖြန့်ချိ ဝယ်ယူနိုင်မည်ဟု သိရသည်။

(မြန်မာ့အလင်း)

ဘွဲ့တံဆိပ်တော်ရဆရာတော်အားချီးကျူးပူဇော်

ရန်ကုန် ဇူလိုင် ၁၂

နိုင်ငံတော်အစိုးရက ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၄ ခုနှစ်တို့၌ ဆက်ကပ်တော်မူခဲ့သော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတနှင့်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရသဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ၂၅ ရပ်ကွက် စစ်ကိုင်း စာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တမေဓာနန္ဒမဟာထေရ်မြတ်အား တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက် နံနက် ၉နာရီက ၂၅ရပ်ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်ကြီးအား ပူဇော်ပွဲကျင်းပရေး အကျိုးဆောင် ဥပါသကာများက ရွှေမိုးငွေမိုးနှင့် ပန်းအလှ ငွေဖလား၊ သာသနာ့အလံတော်၊ ဘွဲ့တံဆိပ်တော်၊ ဘွဲ့တံဆိပ်တော် အဆောင်အယောင်၊ ကနက္ကဒဏ် သာသနာ့ ထီးဖြူများဖြင့် ပူဇော်ပွဲကျင်းပရာ ၂၅ရပ်ကွက်လုံး ဆိုင်ရာ ဓမ္မာရုံသို့ ပူဇော်ပင့်ဆောင်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက်ဂုဏ်ပူဇာသဘင်ပွဲကို နမောတဿသုံးကြိမ် ဘုရားကန်တော့ ဖွင့်လှစ်ပြီးအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသထံမှ ရှစ်ပါးသီလခံယူကြသည်။

ထို့နောက် အကျိုးတော်ဆောင် နာယက ဦးညွန့်ဆွေကဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းအား ဖတ်ကြားပူဇော်ပြီး အကျိုးဆောင် ဥက္ကဋ္ဌ ဦးကြည်က ဂုဏာထောမနာဝန္ဒနာကိုလည်းကောင်း၊ အကျိုးဆောင် ဒေါ်စန်းစန်းဝေက ရှစ်ဆယ် ပေါ်တေးထပ်ဖြင့်လည်းကောင်း၊ စာရေးဆရာမ ဒေါ်ရွှေကူနန်းနွဲ့နွဲ့က ဂုဏပူဇာ ဧကပိုဒ်ရတုကိုလည်းကောင်း၊ အကျိုးဆောင် အတွင်းရေးမှူး ဦးငွေမြင့်က ကျေးဇူးတင်ဂုဏ်ပြုစကားလျှောက်ထားလွှာကိုလည်းကောင်း ပူဇော်ကြသည်။ **(ဝ၅၂)**

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ် သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းကလေးမြို့မြဆည်တော်သာသနရိပ်သာ ကျောင်းတိုက်တွင် မြဆည်တော်ဆရာတော်ကြီးနှင့် တကွ ဆရာတော်ဘဒ္ဒန္တ ဇောတိက၊ ဆရာတော်ဘဒ္ဒန္တ ဝိပုလ၊ ဆရာကြီး ဦးသက်မိုး၊ ဆရာကြီးဦးထွန်းအောင်တို့က (ဒုတိယဝါဆိုလဆန်း ၆ရက်) ဇူလိုင် ၂၂ရက်(ကြာသပတေးနေ့) ညနေ ၆နာရီက စတင်၍ ဒီဇင်ဘာလအထိ ခြောက်လတိုင်တိုင် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်သင်တန်းများကို ပို့ချပေးမည်ဖြစ်ရာ ရဟန်းရှင်လူ မည်သူမဆို သင်တန်းလာရောက် တက်ရောက်နိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာတစ်လွှားအားကစား

ချယ်လ်ဆီးနောက်တန်းလူ မာရီယို ဘာမင်ဂမ်စီးတီးသို့ရောက်မည်

လန်ဒန် ဇူလိုင် ၁၀

ချယ်လ်ဆီးနောက်တန်းလူ မာရီယိုမယ်ချီအွတ်ကို ဘာမင်ဂမ်စီးတီးအသင်းက ပြောင်းရွှေ့စရိတ်မပါဘဲ သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူရန် စာချုပ်လက်မှတ် ရေးထိုးပြီးဖြစ်ကြောင်း ပရီမီယာလိဂ်ကလပ်က ၎င်း၏ဝက်ဘ်ဆိုက်တွင် သောကြာနေ့က ကြေညာသည်။

အသက်(၂၇)နှစ်အရွယ်ရှိ အဆိုပါဘောလုံးသမားသည် ၎င်း၏အသင်းအတွက် အဓိကပွဲကြီး ရှစ်ပွဲတွင် ပါဝင်စွမ်းဆောင်ကြိုးပမ်းခဲ့သူဖြစ်သည်။ ၎င်းသည် ဒတ်ချ်မှ နောက်တန်းလူဖြစ်ပြီး ချယ်လ်ဆီး နည်းပြသစ် ဂျို့စ်မိုရင်ဟို၏လက်အောက်မှ ထွက်လာသော ဘောလုံးကစားသမားများအနက် နောက်ဆုံးအားကစားသမားဖြစ်သည်။

ချယ်လ်ဆီးအသင်း၏ မိုရင်ဟိုသည် ကလောဒီယိုရာနီယာရီထံမှ တာဝန်များ လွှဲပြောင်းယူခဲ့သည်။ ပြီးခဲ့သော ပရီမီယာလိဂ်ရာသီက အာဆင်နယ်နောက်မှ ဒုတိယဖြင့်ကျေနပ်ခဲ့ရသော ချယ်လ်ဆီးအသင်းကို ပြုပြင် ပြောင်းလဲရန် အလျင်အမြန် ဆောင်ရွက်လျက်ရှိသည်။ **အင်အင်အေ၊ရိုက်တာ။**

ပူဟာမ်ကွင်းလယ်ကစားသမား စပါးစ်အသင်းသို့ပြောင်းရွှေ့မည်

လန်ဒန် ဇူလိုင် ၁၀

ပရီမီယာလိဂ် အသင်းတစ်သင်းဖြစ်သော တော့တင်ဟမ်ဟော့စပါးစ်အသင်းသည် ကွင်းလယ်ကစားသမား ဆီယံဒေးဗစ်အတွက် ဖူလ်ဟမ်အသင်းနှင့် သဘောတူညီမှုများ ရရှိထားပြီဖြစ်ကြောင်း ပရီမီယာလိဂ်ကလပ်က သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ ဘောလုံးသမားရွှေ့ပြောင်းရေးအစီအစဉ်သည် မန်နေဂျာသစ် ဂျက်ရှီရက်ဆန်တင်နီ၏ လက်ထက်တွင် စပါးစ်အသင်း၏ဒုတိယမြောက် ဘောလုံးသမား ခေါ်ယူမှုဖြစ်သည်။ ၎င်းကွင်းလယ်ကစားသမားသည် အသက် (၂၄)နှစ်သာ ရှိသေးကြောင်း စပါးစ်အသင်းက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကလပ်အသင်းအတွက် အရေးပါသော စာချုပ်မှုပင် ဖြစ်ကြောင်း၊ ၎င်းသည် မိမိတို့၏ ကွင်းလယ်၌ကစားရန် အရေးကြီးသောနေရာမှစွမ်းဆောင်ပေးလိမ့်မည်ဖြစ်ကြောင်း စပါးစ်၏ ညွှန်ကြားရေးမှူးကပြောသည်။

အမ်အင်အေ၊ရိုက်တာ။

ရိုဂါဖီဒရာ ဆွစ်အိုပင်းဖိုင်နယ်ရောက်ပြီ

ဂတ်စ်တက် (ဆွစ်ဇာလန်) ဇူလိုင် ၁၂

စနေနေ့ကပြုလုပ်သော ဆွစ်အိုပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်၌ ကမ္ဘာ့နံပါတ်(၁)အဆင့်ရှိ ရိုဂါဖီဒရာက အီတလီမှ ပိုတီတိုစထရေ့ကို အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ရိုဂါဖီဒရာသည် ပိုတီတိုစထရေ့အား ၆-၃၊ ၃-၆၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ပြိုင်ပွဲရာသီတွင် ယင်းပွဲစဉ်သည် နိုင်ပွဲ ၅၀မြောက် ရရှိသည့်ပွဲဖြစ်သည်။ ထိုသို့အနိုင်ရရှိခဲ့သဖြင့် ဖီဒရာသည် ဗိုလ်လုပွဲတွင် ဂျာမနီမှ ရိန်းနာဆချူတက်လာ အိုင်ဂေါ်အင်ဒရီနှင့် နောက်ဆုံးဗိုလ်လုပွဲ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ် နည်းပြသစ်လျှောက်လွှာများလက်ခံ

ပါရီ ဇူလိုင် ၁၀

ပြင်သစ်ဘောလုံးအဖွဲ့ချုပ်သည် ပြင်သစ်အမျိုးသားအသင်းအတွက် နည်းပြ ခေါ်ယူမည်ဖြစ်ရာလျှောက်လွှာ တင်သွင်းသူပေါင်း ၃၈ ဦးရှိကြောင်း၊ ထိုပဏာမရွေးချယ်ရေးစာရင်းတွင် အမည်လေးငါးမျိုးထည့်ထားကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ပြောရေးဆိုခွင့်ပုဂ္ဂိုလ်က ကြာသပတေးနေ့က ပြောကြားသည်။

ပြင်သစ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကလောဒီဆီမိုနက်က ယင်းကိစ္စကို အချိန်ပေး စဉ်းစားမည် ဖြစ်ကြောင်း၊ ပြင်သစ်ဘောလုံးနယ်ပယ် အသီးသီးမှ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်း၏ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားသည်။

ပြင်သစ် ဘောလုံးအသင်း၏ နည်းပြသစ်အမည်ကို ပြင်သစ်နိုင်ငံ အလယ်ပိုင်း ကလဲ့မောင့်ဖာရင်းဒ်ရှိ ပြင်သစ်ဘောလုံးအဖွဲ့ချုပ် ပုံမှန်အစည်းအဝေးအပြီး ရွေးချယ်မည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

ချယ်လ်ဆီး ကပ္ပတိန်ဟောင်း ဆဲလ်တစ်သို့ မပြောင်းဟုငြင်းဆို

လန်ဒန် ဇူလိုင် ၁၀

မာဆဲလ်ဒီစေးလ်လီသည် ဆဲလ်တစ်အသင်းသို့ သူ၏ ပရီမီယာလိဂ်အသင်းဖြစ်သော ချယ်လ်ဆီးအသင်းနှင့် ခြောက်နှစ်စာချုပ်ပြီးဆုံးချိန်တွင် ရွှေ့ပြောင်းမည်ဟု စကော့တလန် သတင်းစာတစ်စောင်က ရေးသားဖော်ပြခဲ့သည်ကို ငြင်းဆိုလိုက်သည်။ ၎င်းသည် ဆဲလ်တစ်အသင်းကို လွန်ခဲ့သောနှစ်နှစ်ခန့်ကစောင့်ကြည့်နေသူဖြစ်ကြောင်း၊ ဆဲလ်တစ်သို့ ပြောင်းရွှေ့မည်ဟုထင်ရကြောင်း ဒီစေးလ်လီ၏ပြောကြားချက်ကို အဆိုပါသတင်းစာက ကြာသပတေးနေ့ကဖော်ပြသည်။

သို့ရာတွင် ယင်းပြောဆိုချက်များကို အသက်(၃၅)နှစ်အရွယ်ရှိ ၎င်းအားကစားသမားက ငြင်းဆိုလိုက်သည်။ ချယ်လ်ဆီးသည် မိမိကိုထူးဆန်းစေခဲ့ကြောင်း၊ နောက်ဆုံး ကန်ထရိုက်စာချုပ်မှာ ပြီးခဲ့သောနှစ်တွင် ပြီးဆုံးခဲ့ကြောင်း၊ မိမိ၏အနာဂတ်ကို ဆုံးဖြတ်ရန် ၁၀ရက်ကြာအချိန်ပေးမည်ဖြစ်ကြောင်း ချယ်လ်ဆီးကပ္ပတိန်ဟောင်း မာဆဲလ်က ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမြို့မြို့ အနယ်နယ် သတင်းများ

အမျိုးသမီးများနေ့ စုပေါင်းသစ်ပင်စိုက်ပျိုး

ရေနံချောင်း ဇူလိုင် ၈

ရေနံချောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ အမျိုးသမီးများနေ့ဂုဏ်ပြုအထိမ်းအမှတ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက်က တွင်းကုန်းရပ် လမ်းဘေးဝဲယာတို့တွင် ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌဦးအင်းကြူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကိုရေနံချောင်း–မကွေး ကားလမ်းဝဲယာ၊ ရေနံချောင်း–ချောက် ကားလမ်းဝဲယာနှင့်မြို့တွင်း ဆည်ကန်ဝန်းကျင်တို့၌ လူအင်အား၉၀၀၀ကျော်ဖြင့် သစ်ပင်ပေါင်းတစ်သိန်းစုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရပ်စောက်မြို့နယ် အင်းခေါင်း ရေထွက်ကန် သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ပွဲကို ဇွန် ၂၀ရက်က ပြုလုပ်ရာ ဗိုလ်မှူးချုပ်ဇော်ဝင်း၊ တပ်မတော်အရာရှိများ၊ တပ်မတော်သားများနှင့် မြို့နယ်ဥက္ကဋ္ဌဦးသိန်းဟန်၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကြည်စောနှင့်အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ ဇူလိုင် ၁၂

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဖျာပုံခရိုင် လေဘေးကယ်ဆယ်ရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၈ရက် မွန်းလွဲ၁နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ပြောကြားပြီး ဖျာပုံခရိုင် အတွင်းရှိ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှ လှူဒါန်းငွေနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဖျာပုံခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ဇနီး ဖျာပုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယကဒေါ်မြမြ၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေးနှင့်ဇနီး ဒေါ်ခင်မာရီ၊ လေးမြို့နယ်မှ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရယူကြသည်။

လှူဒါန်း

အဆိုပါ အလှူငွေများ အပါအဝင် ထောက်ပံ့ပစ္စည်းများမှာ စုစုပေါင်း ငွေကျပ် ၂၀၀၇၂၁၅၀ လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

နန်းဖဲနှင့် ချိကွဲ့ ကျေးရွာ နိုင်ငံသားကတ်ပြားပေး

ဘောလခဲ ဇွန် ၂၅

ကယားပြည်နယ်ဘောလခဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုရယ်သည် ဇွန် ၇ ရက်က နန်းဖဲကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမောင်မဲအား ကျေးရွာသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်သည်။

အလားတူ ဇွန် ၁၈ ရက်က ချိကွဲ့ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းအား ချိကွဲ့ကျေးရွာသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မင်းတုန်းမြို့နယ်ဥက္ကဋ္ဌဦးမြင့်စိုးနှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိဦးစောသိန်းဦးတို့ ဦးဆောင်၍ ဘုမ္မဝတီပန်းခြံအတွင်း အဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပေးအပ်

မော်လမြိုင်ယာဉ်ထိန်းတပ်စု ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ပေးအပ်ပွဲကို ဇွန် ၂၃ရက်က မော်လမြိုင်ယာဉ်ထိန်းတပ်စုမှူးရုံးတွင် ကျင်းပရာ ယာဉ်ထိန်းတပ်စုမှူး ရဲအုပ်ဝင်းသိန်းက တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်စဉ်။ (၁၆၈)

လားရှိုးမီးသတ်စခန်း ပညာသင်ထောက်ပံ့

လားရှိုး ဇွန် ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးပြည်နယ်မီးသတ်စခန်း ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများကို ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ရက်က ပြည်နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်မီးသတ်ဦးစီးမှူးဦးစန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများကို ပြည်နယ်မှူး၏ဇနီး ဒေါ်ခင်အုန်းသန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစန်းမြင့်သောင်း၊ ဦးမျိုးမင်းခိုင်၊ အမ်အမ်အာလ်ဒီကုမ္ပဏီမှ ဦးတင်မျိုးအောင်တို့က စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၃၅၉)**

ဇွန် ၂၅ရက်က ဒိုက်ဦးမြို့နယ် ညောင်ခါးရှည် မဟာဗျူဟာလမ်းမကြီး ဝဲယာတစ်ဖက်တစ်ချက်စီ၌ စိုက်ပျိုးကြရာ ပဲခူးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်အောင်မြင့်တို့က သစ်ဆိမ့်၊ ပိတောက်၊ မယ်ဇလီ၊ သြရီရှားနှင့် မဟော်ဂနီပျိုးပင်ပေါင်း ၃၅၀၀ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု မကွေးတွင်စုပေါင်းသစ်ပင်စိုက်ပျိုး

မကွေး ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုပွဲအထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပွဲတော်ကို ဇွန် ၂၆ရက်က မကွေးမြို့ မြို့ရှောင်လမ်း ဘေးဝဲယာတွင် ကျင်းပရာ ဗိုလ်မှူးကြီးအောင်သန်းထွဋ်၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် အဖွဲ့ဝင်များ၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်မိမိနှင့် အဖွဲ့ဝင်များ**(ဝဲပုံ)** ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ ပန်းအလှပင်နှင့် အရိပ်ရပင် ၈၃၂၃ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(က–ပ)

ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးဆောင်ရွက်

မအူပင် ဇွန် ၃၀

မအူပင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်သည် ဇွန်၂၃ ရက်က မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ စိုက်ပျိုးပညာပေးရေးစခန်းနယ်မြေသို့ ကွင်းဆင်း၍ မအူပင်မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ မြို့နယ်မြန်မာ့စိုက်ပျိုး ရေးလုပ်ငန်းမန်နေဂျာ ဦးလှသိန်းနှင့် မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ ကွင်းအမှတ် ၇၅၄ ငါးကြီးဂရက်ကျေးရွာ တောင်သူဒေါ်တင်ရီ၏ လယ်တွင်ပန်းတိုင် အထွက်နှုန်းတင်း ၁၀၀ထွက်ရှိရေး စံပြစိုက်ကွက်လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ကွင်းဆင်းဆောင်ရွက်ကြသည်။ **(က–ပ)**

ဇွန် ၃ရက်က တောင်ကြီးမြို့ လူဝင်မှုကြီးကြပ်ရေးနှင့်မှတ်ပုံတင်ရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် သားသမီးများကို ပညာသင်ကျောင်းစရိတ်နှင့် ဝတ်စုံစရိတ်များ ပေးအပ်ခြင်း အခမ်းအနားတွင်ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့နယ်အတွင်းရှိ သမဝါယမအသင်းများ၏ ဝင်ငွေခွန်နှင့် ဝင်ငွေခွန် ကြေညာလွှာစုပေါင်းပေးအပ်ပွဲကို ဇွန် ၃၀ရက်က မြို့နယ်သမဝါယမ ဦးစီးဌာန ခန်းမတွင် ကျင်းပရာ သမဝါယမအသင်းများ၏ ကိုယ်စား ပဲခူးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ် လီမိတက် ဥက္ကဋ္ဌ ဦးအောင်မြင့်က ပဲခူးမြို့နယ် ပြည်တွင်းအခွန်များ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်စောသို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

သန်လျင် ရွှေနံ့သာမိုးကုတ်ဓမ္မရိပ်သာ တရားစခန်းကျင်းပမည်

သန်လျင် ဇူလိုင် ၈

ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နယ်လှည့်သာသနာပြု ဓမ္မကထိက မိုးကုတ်ကမ္မဋ္ဌာနာစရိယဆရာတော်ရွှေနံ့သာ ဉာဏောဘာသ အရှင်သူမြတ်နှင့် နယ်လှည့်မိုးကုတ်ဓမ္မကထိက အရှင်ကဝိန္ဒ(စကု)တို့က မိုးကုတ်ဆရာတော် ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဇူလိုင် ၂၃ရက်မှ ၂၉ရက်ထိ ခုနစ်ရက်တိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက် တရားအားထုတ်လိုကြသော ယောဂီများဦးရေ ၁၅၀သာလက်ခံမည်ဖြစ်သည်။ ဇူလိုင် ၁၆ရက်ထက် နောက်မကျစေဘဲ ဖုန်း-၀၅၆-၂၁၉၆၁သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်းနှင့် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ် လပြည့်နေ့ထိ အပတ်စဉ် ဥပုသ်နေ့အပါအဝင် တစ်ပတ်လျှင် ခြောက်ရက် နေ့စဉ်မွန်းလွဲ၁၂နာရီခွဲမှ ညနေ ၄နာရီခွဲထိ အာစိဏ္ဏကံ အလုပ်ပေးတရားပွဲများ ကျင်းပမည်ဖြစ် ကြောင်းသိရသည်။ (က-ပ)

ပေါင်းတည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက်က မြို့နယ်ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်စိုးက ဝန်ထမ်းသားသမီးများအား ပညာသင် ထောက်ပံ့ကြေး ပေးအပ်စဉ်။ (၀၆၄)

ဇွန် ၁၉ရက်က ပေါင်မြို့နယ် ပေါင်းရပ်ကွက် သမိန်ဗရမ်းလမ်း(အောက်လမ်းမကြီး) လမ်းဘေးဝဲယာ ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ကြီးကြပ် ဆောင်ရွက်စဉ်။ (၂၆၀)

မော်ကျွန်း၌ အမျိုးသမီးရေးရာအဖွဲ့ ညှိနှိုင်းစည်းဝေး

မော်လမြိုင်ကျွန်း ဇူလိုင် ၇

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးရေးရာအဖွဲ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၁ရက် မွန်းတည့်၁၂နာရီက မော်လမြိုင်ကျွန်း မြို့နယ် ပျားမွတ်လျှော်ချောင်းကျေးရွာအုပ်စု ကျုံလတာ ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အစည်းအဝေးတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်အေးအေးယုက လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကို လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးသန်းက အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းပုံကို လည်းကောင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ဝင်းဝင်းက အဖွဲ့ဝင်အင်အားတိုးပွားရေးကို လည်းကောင်း ဟောပြောကြသည်။

တိုးတက်မြင့်မားရေး

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်အေးအေးယုနှင့်အဖွဲ့က တက်ရောက်လာကြသော ပျားမွတ်လျှော်ချောင်း ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၁ရွာမှ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ပြီး **(ယာပုံ)** အမျိုးသမီးများ၏ အခန်းကဏ္ဍတိုး တက်မြင့်မားရေးဆိုင်ရာများ ဆွေးနွေးကြကြောင်း သိရသည်။ (၀၉၇)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

A A Electronics Ltd. (Sole Distributor of SAMSUNG Electronics)

၁။ Chief Accountant ၁ ဦး (ကျား/မ)
- C.P.A အနည်းဆုံး လုပ်သက် (၃)နှစ်
- B.Com အနည်းဆုံးလုပ်သက် (၁၀)နှစ်နှင့် Chief Accountant တာဝန်ထမ်းဆောင်ဖူးသူ
- Computerized Accounting ကျွမ်းကျင်ရမည်။

၂။ Accountant (B.Com, LCCI Level III) ၂ ဦး (မ)

၃။ Technician ၅ ဦး (ကျား/မ)
- BE (EC/EP)
- AGTI (EC/EP)
- B.Sc (Physics) အောင်မြင်ပြီးသူဖြစ်ရမည်။

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)ဖုန်းနံပါတ်၊ အကျင့်စာရိတ္တ ထောက်ခံစာ (ရဲစခန်း)၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူ နှင့်အတူ အမှတ် ၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plaza သို့ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မြင်းခြံခရိုင်တရားရုံးတော်
၂၀၀၄ ခုနှစ် တရားမကြီးအမှုအမှတ် ၄၅

ဦးစည်သူတင် နှင့် ၁။ ဦးအေးကို
၂။ ဒေါ်မြင့်မြင့်မာ

တရားလို **တရားပြိုင်များ**

တရားပြိုင် ဦးအေးကို၊ ဒေါ်မြင့်မြင့်မာ ကျွန်းကုန်းကျေးရွာ၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစည်သူတင်က ဆေးလိပ်ဖိုးကျန်ငွေ ကျပ် ၈၈၀၀၀၀ နှင့် ပတ်သက်၍ ပေးဆပ်ရန်ပျက်ကွက်ခဲ့သဖြင့် တရားလိုက လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံ့ အခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၈ရက်နေ့ (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်အမည်ရေးသား ပါရှိသူ တရားလို၏စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။

၎င်းအပြင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ် စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမူ
ခရိုင်တရားသူကြီး
မြင်းခြံခရိုင်တရားရုံး။



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ငွေတင် (မော်လမြိုင်မြို့)
အသက်(၈၃)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ သာယာကုန်း၊ အမှတ် ၁၃-အေ နေ (ဦးငွေစိုး)၏ဇနီး၊ ဗိုလ်ကြီးမင်းအောင်ဇော်(M.B.,B.S M.Med Sc. 2nd Year, Physiology)၊ မခင်မျိုးမြင့် (B.Sc, Physics)၊ မခင်ခင်မြင့်(B.A, English)၊ မတင်ဇာမွန်(X-A၊ အထက-၄၊ သန်လျင်)၊ မောင်ယုထွန်းလှိုင်- မအေးအေးဦး၊ မငယ်ငယ်ထွေး(B.Sc)၊ မောင်မင်းသက်ထွန်း(B.Sc)၊ မောင် မင်းကျော်ထွေး၊ (မောင်မင်းအောင်ထွေး)၊ မောင်ကျော်ဇေယျ၊ မောင်တင်ကိုကို-မဇင်မမ(မြန်မာ့ဆက်သွယ်ရေး၊ မော်လမြိုင်)၊ မောင်အောင်သန့်ဇင်၊ မောင်အောင် ပြည့်ဖြိုးဦး(နောက်ဆုံးနှစ်၊ အပိုင်း-က၊ ဆေး-၂)၊ မမေဖြိုးသူ(ဒုတိယနှစ်၊ IT၊သန်လျင်)၊ မောင်ဇာနည်နိုင်နိုင် (Dip in IT, Cooperate Service Officer, Changi Airport, Singapore)-မဝါဝါလင်း(1st Year, Law)၊ မောင်တေဇာနိုင်နိုင်-မသက်မွန်လွင် (B.Sc, Physics)၊ မမိုဇာနိုင်နိုင် (2nd Year, Nanyang Poly, Singapore)၊ မနီဇာနိုင်နိုင် (2nd Year, Nanyang Poly, Singapore)တို့၏အဘွား၊ မအင်ကြင်းလှိုင်၊ မမေသဇင် လှိုင်၊ မရှင်းမြတ်ဇာလီ၊ မမြချောဆင့်ဆင့်၊ သားသားလေးတို့၏ဘွားဘွားကြီးသည် ၉-၇-၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁း၁၅ နာရီတွင် ပုဇွန်တောင်ဆက်သွယ်ရေးသင်တန်းကျောင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေး အအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကျန်ရစ်သူမြေး၊မြစ်တစ်စု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာဌေးအောင်(ခ)ဆန်နီ (သန်လျင်မြို့) ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

82-91 Batch BVSဘွဲ့ရ
သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှစိန်
(မြမြဝင်းပုံနှိပ်တိုက်၊ မုဒုံ)
အသက်(၈၀)

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်မြင့်ဦး-ဒေါ်မိမိတင်စိုးအေးတို့၏မိခင် ဒေါ်လှစိန် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတက္ကသိုလ်မြန်မာစာဌာနနှင့်
ပါရဂူအကြိုသင်တန်းသားများ။

ဝမ်းနည်းကြေကွဲခြင်း
မောင်ဘိုဘိုကျော်(ခ)ပြည့်ဖြိုးအောင်
